

www.foreverspace.com.mm

# ချစ်ခြင်းကရုဏာ

သန်းဆွေ-ရေးသည်

## သန်းဆွေ-ရေး

# ချစ်ခြင်းကရုဏာ

နှင်းနုကလေးကို အိမ်သို့ ခေါ်လာခဲ့သည့် နံနက်ကဆိုလျှင် မိုးနှင်းတို့မှာ နေအတော်မြင့်သည့်တိုင်အောင် မကွဲနိုင်ကြဘဲ တဖွဲဖွဲ ဝေဆိုင်းကာ မှုန်မှိုင်း၍နေခဲ့လေသည်။

ထိုနှစ်က ဆောင်းရာသီမှာ ခါတိုင်းနှစ်များထက် ပိုမိုလွန်ကဲစွာ မိုးနှင်းထန်သည်။ အအေးသန်သည်ဟု ဆိုကြသော်လည်း ကျွန်ုပ်အဖို့ ၌ကား ချမ်းအေးရမှန်း မသိခဲ့ပါ. . . လွန်ခဲ့သည့် လေးနှစ်ကျော်ကျော်ကပင် ကျွန်ုပ်၏စိတ်ထဲ၌ ရည်စူးတောင့်တခဲ့သည့် အလိုဆန္ဒသည် ထိုနှစ်ကမှ ပြည့်စုံခဲ့သဖြင့် ကြည်နူးနှစ်သိမ့်လှသော ပီတိအဟုန်မှာ ကျွန်ုပ်၏တစ်ကိုယ်လုံးကို ပူနွေးနေခဲ့စေပါသည်။

နှင်းနုကလေး အိမ်သို့ရောက်လာသဖြင့် ကျွန်ုပ် ကြည်နူးရသည်မှာ မငြင်းမကွယ်သာသော အချက်ဖြစ်၏။ ကျွန်ုပ်သည် နှင်းနုကလေးအား လွန်ခဲ့သည့် ငါးနှစ်ခန့်ကပင် အိမ်သို့ခေါ်ထားရန် ရည်ရွယ်ခဲ့၏။ နှင်းနု၏အဖေ သေပြီးနောက် နှစ်နှစ်ခန့်ကပင် ဆိုကြပါစို့. . .

နှင်းနုကလေးတို့နေသောရွာမှာ ကျွန်ုပ်၏ဇာတိချက်မြှုပ်ဖြစ်၏။ ကျွန်ုပ်သည် သီတင်းကျွတ်ကျောင်းပိတ်ရက် ခရစ်စမတ်ကျောင်းပိတ်ရက် နွေရာသီကျောင်းပိတ်ရက် စသည့်ကျောင်းပိတ်ရက်ရှည်များ၌ ကျွန်ုပ်ကျောင်းဆရာအဖြစ် အလုပ်လုပ်နေရသော မြို့ကလေးမှ ရွာသို့ ပြန်စမြဲဖြစ်၏။ တစ်ခါတစ်ရံ ကျွန်ုပ်၏ ဇနီးနှင့်တကွ သားသမီး





များလည်း ပါကြ၏။ တစ်ခါတစ်ရံ ကျွန်ုပ်၏ သမီးအကြီး တစ်ယောက်တည်းသာ ပါ၏။ များသောအားဖြင့်ကား ကျွန်ုပ်တစ်ယောက်တည်းသာ ဖြစ်လေသည်။

နှင်းနုကလေးတို့အဖေ ဆုံးသည့်နှစ်ကဆိုလျှင် နှင်းနုမှာ အသက်ကိုးနှစ်ခန့်သာ ရှိသေးသည်။ နှင်းနုကလေး၏ ဖခင်မှာ ကျွန်ုပ်၏ ငယ်သူငယ်ချင်းဖြစ်လေရာ ကျွန်ုပ်သည် ရွာသို့ရောက်တိုင်း သူတို့အိမ်သို့ သွားလေ့ရှိပေရာ ထိုနှစ်က ကျွန်ုပ်ရောက်သွားသောအခါတွင် နှင်းနုတို့သားအမိကိုသာ တွေ့ခဲ့ရကာ "နှင်းနုကလေး၏အဖေ ကွယ်လွန်ပြီဖြစ်ကြောင်း" သိခဲ့ရလေသည်။

နှင်းနုကလေး၏အဖေ မရှိတော့သောအခါ နှင်းနု၏အမေကား ရွာရိုးလျှောက်ကာ ဈေးတောင်းခေါင်းရွက်၍ ဈေးရောင်းခဲ့လေသည်။ မိခင်ဖြစ်သူ ဈေးရောင်းထွက်နေသောအခါ၌ နှင်းနုက အိမ်တွင်ချက်ပြုတ်လျှော်ဖွပ်ထားရလေသည်။ သို့နှင့် သားအမိနှစ်ယောက် အေးချမ်းစွာ နေနေကြရာမှ နှင်းနုကလေး၏ဖခင် ကွယ်လွန်ပြီးသည့်နောက် နှစ်နှစ်ခန့်ကမူ နှင်းနုကလေးသည် မျက်စိကွယ်ခဲ့ရှာလေသည်။

"ဟဲ့. . . ဘယ်လိုဖြစ်ရတာလဲ. . . မသောင်းရယ်"

"မျက်စိနာတာက စတာပါပဲ. . . ကိုရင်. . . ကျွန်မလဲ သူလိုငါလို နာနေကျ မျက်စိနာဆိုပြီး ဟိုဆေးဒီဆေးကလေး ခပ်ပေးပါတယ် . . . ဘုန်းကြီးဆီက ဆေးလဲထည့်ပါတယ်။ ရွာလယ်က ဆရာလှဆေးလဲ ထည့်ပါတယ်. . . အဲဒီဆေးတွေလိမ်းရင်း ထည့်ရင်းကပဲ အခုလိုလုံးလုံးမမြင်ရတဲ့အဖြစ်ကို ရောက်တော့တာပါပဲဟာ. . ."

"ဖြစ်မှဖြစ်ရတယ်ဟယ်. . . ဒါထက်. . . နှင်းနု အသက်ဘယ်

www.foreverspace.com.mm

လောက်ရှိပလဲ. . . ”

“ဆယ့်တစ်နှစ်ကျော်ကျော် ဆယ့်နှစ်နှစ်ထဲမှာပါ. . . ”

“အင်း. . . ဖြစ်မှဖြစ်ရတယ်. . . အခု ဘာဆေးထည့်နေတုန်း”

“ဒီလိုပဲ. . . ဟိုဆေးဒီဆေးထည့်နေတယ်. . . ဘယ်တတ်နိုင်မလဲ ကိုရင်. . . သူ့ဘဝက အကြောင်းပေါ့”

ကျွန်ုပ်သည် ကလေးမကလေးကို ကြည့်ကာ သက်ပြင်းချခဲ့မိလေသည်။

ထိုနေ့ကပင် စတင်၍ ကျွန်ုပ်သည် နှင်းနုကလေးအား သံယောဇဉ်တွယ်ခဲ့မိလေပြီ။ ကျွန်ုပ် တတ်နိုင်သမျှ ငွေစများကို ပေးကမ်းထောက်ပံ့ခဲ့၏။

အိမ်သို့ပြန်ရောက်၍ ဇနီးဖြစ်သူအား သူတို့အကြောင်းကို ပြောပြသောအခါ အင်းမလှုပ်အဲ့မလှုပ်ပင် နေခဲ့သဖြင့် ကျွန်ုပ်သည် ထပ်မံ၍ မည်သို့မျှ မပြောခဲ့ပေ။

ထို့နောက်တွင်ကား ကျွန်ုပ်သည် နှင်းနုကလေးအား ကယ်တင်နိုင်ရေးကိုသာ စဉ်းစားမိခဲ့လေသည်။ “စောင့်ရှောက်ကယ်တင်ခြင်းငှာ မစွမ်းနိုင်ပါဘဲလျက် သနားကရုဏာသက်လွှယ်သူသည် အကူအညီကို တောင်းခံသူ ဒုက္ခသည်ထက်ပင် ပိုမို၍ ပူပင်သောက ဗျာပါပွားရလေဘိ၏” ဟူသော “ဂိုးလ်စမစ်”၏စကားကို ကျွန်ုပ်သည် ထိုအခါကျမှပင် သဘောပေါက်ခဲ့မိပါသည်။ လူတစ်ယောက်ကို ချစ်သည်။ သနားသည်ဆိုရာ၌ စိတ်ထဲ အသည်းထဲမှ ချစ်နေရုံ သနားရုံမျှဖြင့် ကိစ္စပြီးဆုံးနိုင်သည်မဟုတ်။ မိမိချစ်နေသူ သနားနေသူအတွက် ကောင်းရာကောင်းကြောင်းကိုလည်း ဖန်တီးနိုင်စွမ်းရှိရန် လိုပေသည်။ ထိုသို့ မိမိချစ်နေသူ သနားနေသူအတွက် ကောင်းရာကောင်း





www.foreverspace.com.mm

ကြောင်း ဖန်တီးနိုင်ရေးတွင်ကား ယခုခေတ်၌ ငွေသာလျှင် ပဓာနဖြစ်နေလေသည်။ ငွေသည်သာလျှင် ချစ်ခြင်းမေတ္တာ ချစ်ခြင်းကရုဏာတို့၏ ပြယုဂ်အဖြစ် တည်ရှိနေပေသည်။

ကျွန်ုပ်ကဲ့သို့ ဇနီးမယားနှင့်တကွ သမီးသားတပြုံကြီး ရှိနေသည့် ကျောင်းဆရာ လခစားတစ်ယောက်အဖို့တွင် ငွေစဆိုသော အရာမှာ သုံးလောက်ရုံ နေလောက်ရုံမျှသာ ရှိပေသည်။ ကျောင်းဆရာတစ်ယောက်အနေဖြင့် ကြားပေါက်ဝင်ငွေရရန်မှာ လွယ်ကူသောကိစ္စမဟုတ်ချေ။ သို့သော် လိုလျှင်ကြံဆ နည်းလမ်းရဟူသော စကားအတိုင်းပင် ကျွန်ုပ်သည် ငွေစုမိနိုင်ရေးကို စဉ်းစားရပြန်လေသည်။ ဤတွင် ကျွန်ုပ်၏မိတ်ဆွေတစ်ယောက် အယ်ဒီတာအဖြစ် အလုပ်လုပ်၍နေသော မဂ္ဂဇင်းတိုက်တစ်တိုက်သို့ ၎င်းတို့ အလိုရှိသည့် ဆောင်းပါးများကို ရှာဖွေရေးသားပေးခြင်း၊ ဘာသာပြန်ဆိုပေးခြင်းပြုရန် အကြံရလေသည်။ ဤအကြံအတိုင်း စမ်းသပ်ကြည့်သောအခါ ကံအားလျော်စွာ အောင်မြင်ခဲ့လေသည်။

ကျွန်ုပ်သည် ထိုသို့ အနည်းနည်းကြံစည်ကာ အပင်ပန်းခံ၍ ရရှိလာသော ငွေများကို ကျစ်ကျစ်ပါအောင် စုဆောင်းခဲ့ရပေသည်။ ထိုမှ ရက်ရှည်ကျောင်းပိတ်ရက်များသို့ ရောက်သောအခါများ၌ ကျွန်ုပ်သည် နှင်းနုကလေးတို့ သားအမိရှိရာသို့ လက်ဆောင်ကောင်းလေးများကို ဝယ်သွားခဲ့ရလေသည်။

နှင်းနုကလေးမှာ မျက်စိအကြည်ဓာတ်ကသာလျှင် ပျက်စီးနေလင့်ကစား သူ၏ကိုယ်ခန္ဓာမှာမူ ပကတိ ကောင်းမွန်သန်မာလျက်ရှိပေရာ သဘာဝဓမ္မအတိုင်း တနေ့တခြား တစ်ခေါက်ထက်တစ်ခေါက် ထွားကျိုင်းလာသည်ကို တွေ့ရလေသည်။ ဤသို့လျှင် သူက

လေး၏ ရုပ်ရည်မှာ သနားစရာ စိုစိုပြေပြေဖြစ်နေသည်ကို တွေ့ရလေလေ . . . ကျွန်ုပ်၏စိတ်မှာ ကြေကွဲဝမ်းနည်းခြင်း ဖြစ်ရလေလေပင် . . . ။

"အနှင်းတို့ကို . . . အခုလို . . . ဂရုစိုက်တာ သိပ်ပြီးကျေးဇူးတင်ပါတယ် ဆရာရယ် . . ." ဟု ပြောလာသောအခါ၌ကား ကျွန်ုပ်မှာ မျက်ရည်များပင် စို့ခဲ့မိလေသည်။

သို့နှင့်နေရာမှ တစ်နေ့တွင် မိတ်ဆွေတစ်ယောက်နှင့် စကားစပ်မိတာ မျက်မမြင်များအကြောင်း ပြောကြရာမှ ရန်ကုန်တွင် မျက်စိကုလွန်စွာတော်သော ဆရာဝန်ကြီးတစ်ယောက် ပေါ်ပေါက်နေကြောင်း သိရပါသည်။

"ဆရာညို့နှယ်ဗျာ . . . ဝမ်းတွင်းပါ မဟုတ်ဘဲ ကြီးမှ ကွယ်တာများတော့ ဒီ၎ပျောက်ပဲတဲ့ဗျာ . . ."

"ဒီလောက်စွမ်းရင်တော့ ဆေးကုခလဲ ဘယ်နဲ့ပေလိမ့်မလဲနော်"

"ဒါပေါ့ဆရာ . . . ဆေးကုခကတော့ အတော်ပဲ ပေးရသတဲ့"

ကျွန်ုပ်ကား ရှေ့သို့ ဆက်၍ပြောနေသော သူ၏စကားများကို မကြားရတော့ချေ။ မိမိဖာသာ တစ်ကိုယ်တည်း စိတ်ထဲတွင်ကြိတ်ကာ စဉ်းစားနေမိလေသည်။ ကျွန်ုပ်၏အတွေးကား တဖြည်းဖြည်းနှင့် ပိုက်ဆံစုကာ နှင်းနုကလေးအား ကုပေးနိုင်ရန်မှတစ်ပါး အခြားမဟုတ်ခဲ့ပါ။ ထိုအတွေးသည် ထိုအချိန်ကသာ ဖြစ်ပေါ်ခဲ့သည်မဟုတ်။ အမြဲတမ်း အချိန်ရလေတိုင်း ပေါ်ပေါက်ခဲ့သော အတွေးဖြစ်လေသည်။

ထိုအတွေးကို အကောင်အထည်ပေါ်ရန်အတွက် ကျွန်ုပ်သည် ငွေကို စုနိုင်သမျှစုခဲ့၏။ ပိုက်ဆံ အတော်အတန် စုမိပါက နှင်းနုကလေးအား ရန်ကုန်သို့ခေါ်ထားကာ မျက်စိကုဆရာကြီးထံ၌ ဆေးကု





မည်ဟု တွေးခဲ့၏။ သို့နေခဲ့ရာမှ လွန်ခဲ့သောနှစ်က ကျွန်ုပ် ရွာသို့ခေတ္တပြန်သောအခါ နှင်းနု၏မိခင်သည် အတော်ပင် မမာမကျန်းဖြစ်နေသည်ကို တွေ့ရလေသည်။ သူတို့တတွေကဲ့သို့ ဈေးတောင်းခေါင်းပေါ်တွင်ရွက်ကာ နေပူမရှောင် မိုးရွာမရှောင် ရောဂါဝေဒနာ စွဲကပ်လာပါက တော်တော်နှင့် မပျောက်နိုင်ကြဘဲ နလံမထူနိုင်သူက များလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် လွန်စွာမှ စိတ်ပူမိလေသည်။

မသောင်းက ကျွန်ုပ်ကို တွေ့သောအခါ မျက်ရည်ကျရှာ၏။ သူ့သမီးကလေးအတွက် စိတ်မချနိုင်ကြောင်း ပြောရှာ၏။ ဤတွင် ကျွန်ုပ်က အားပေးခဲ့ရလေသည်။

"ဒါလောက်တောင်လဲ ပူမနေပါနဲ့ မသောင်းရာ။ နင် ဘာမှ မဖြစ်နိုင်ပါဘူး . . ."

"မဟုတ်ဘူး ဆရာညို . . . ကျွန်မကိုယ်ကျွန်မ သိတယ်။ ကျွန်မအဖို့ မထူးတော့ပါဘူး။ ဒီကောင်မလေးအတွက်သာ စိတ်ပူမိတာပါ။ ခင်းအတွက် စိတ်မချရတာပါ"

"ငါပြောပြီကော မသောင်း . . . ငါတို့ ရှိနေမင့်ဟာ . . . နင်ဘာပူစရာရှိသလဲ . . . နင် အသဖြစ်လို့ စောစောက အကြောင်းမကြားသလဲ . . . ငါ့ဆီကို လူကြုံနှင့် မှာပါလား"

"ကျွန်မ ဆရာညိုကို အားနာလို့ပါ . . ."

"ဘာအားနာစရာလိုသလဲဟ . . . ကဲပါလေ ငါလဲ ဒီရောက်မှ သိလို့ ဆရာအခေါ်လွှတ်ထားပြီ။ ဘာမှ ဝိစိကိစ္စာများမနေနဲ့။ ဆရာတိုက်တဲ့ဆေးကိုသောက်ရင် ပျောက်ရမှာပေါ့ ဟုတ်လား . . ."

မသောင်းသည် မချိတင်ကဲဖြင့် ခေါင်းကို ညိတ်ပြလေသည်။

ကျွန်ုပ်သည် တတ်နိုင်သမျှ ဆေးဖိုးဝါးခများကို ပေးခဲ့၏။ ထိုနှစ်က ကျွန်ုပ်ရွာမှ မြို့သို့ ပြန်သောအခါ၌ကား မသောင်းသည် အတော် ပင်သက်သာနေ၏။ သို့သော် ကျွန်ုပ် မြို့သို့ရောက်၍ နှစ်လအကြာတွင် ကြားရသည့်သတင်းကား "မသောင်း ဆုံးပြီဖြစ်၍ နှင်းနုကလေးအား မသောင်းအစ်မဝမ်းကွဲက ကျွေးမွေးထားရသည်" ဟူသော သတင်းပင်ဖြစ်လေသည်။

အင်း . . . မျက်မမြင်ဖြစ်နေရတဲ့အထဲမှာ မိဘမဲ့ဖြစ်ပြီး သူများအိမ်မှာတောင် ကပ်နေရပြန်သကိုး . . . သူကပ်နေရတဲ့အိမ်ဆိုတာကလဲ သိပ်ချမ်းသာတဲ့အိမ် မဟုတ်။ အင်း . . . ဒုက္ခ . . . ဒုက္ခ . . ."

ကျွန်ုပ်သည် စိတ်ထဲမှ ညည်းညူမိခဲ့၏။

ထို့ကြောင့်ပင် ယခုနှစ် ခရစ်စမတ် ကျောင်းပိတ်ရက်၌ကား ကျွန်ုပ်သည် နှင်းနုကလေးအား ကျွန်ုပ်၏အိမ်တွင် ခေတ္တကျွေးမွေးထားရင်း ရန်ကုန် မျက်စိကုဆရာကြီး၏အကြောင်းကို စုံစမ်းပြီးမှ ရန်ကုန်သို့ပို့ရန် စီစဉ်ခဲ့လေသည်။ အစီအစဉ်အတိုင်းပင် ကျွန်ုပ် မြို့သို့ပြန်သည့်နေ့တွင် နှင်းနုကလေးအား ခေါ်ဆောင်ခဲ့ရပေသည်။ သူ၏ကြီးဒေါ်များထံတွင် အကျိုးအကြောင်း ပြောပြကာ ခေါ်ယူခဲ့ရ၏။ သူတို့တတွေကလည်း အားလုံးပင် ဝမ်းသာကျေနပ်စွာ ကျွန်ုပ်နောက်သို့ ထည့်လိုက်လေသည်။

\+ \+ \+ \+ \+

"အင်း . . . ရှင့်မလဲ ဒုက္ခမရှိ ဒုက္ခရှာလာတာပဲကိုး"

ဤကား အိမ်သို့ ရောက်လျှင်ရောက်ချင်း ဇနီးဖြစ်သူ မခင်တင့်၏ မှတ်ချက်ပင် ဖြစ်လေသည်။





ကျွန်ုပ်သည် ဇနီးဖြစ်သူအား ရှင်းလင်းစရာရှိသည့်အခါမျိုး၌ ပြုလေ့ပြုထရှိသော အပြုအမူအတိုင်း ကလေးများအား စတင်ပြရလေသည်။ ကလေးများသည် အံ့သြကြီးစွာဖြင့် ငေးကြည့်နေရာမှ အဝေးသို့ ထွက်ပြေးကြလေသည်။ ကျွန်ုပ် မျှော်လင့်ခဲ့သည်နှင့်ကား ကွာခြားလှဘိသည်။ သမီးအငယ် အထွေးကသာလျှင် လက်ခုပ်လက်ဝါးတီးကာ ခုန်ပေါက်၍ နေလေသည်။ သူ့စိတ်ထဲ၌ကား ကျွန်ုပ်သည် အိမ်သို့ အသစ်အဆန်းတစ်ခုကို ယူဆောင်လာလေပြီဟု ဝမ်းသာ၍ နေဟန်တူပေသည်။ အထွေးမှတစ်ပါး အခြားကလေးတို့ကား သူတို့အမေ၏ အချိုးအတိုင်းပင် ခပ်ရှိုင်းရှိုင်းနေကြလေသည်။

ကျွန်ုပ်၏ဇနီးနှင့် သားသမီးတို့သည် နှင်းနုမျက်စိမမြင်ကြောင်း သိထားနှင့်သူများ ဖြစ်ကြသော်လည်း ကျွန်ုပ်က လက်တွဲ၍ ခေါ်လာသည်ကိုကား ကျေနပ်ကြဟန် မတူပေ။ ဤသို့ ယုယုယယ ပြုလုပ်နေသဖြင့်လည်း လုံးဝကျေနပ်ဟန် မတူပေ။ ဤတွင်မှ နှင်းနုသည် အသက်ဆယ့်ခြောက်နှစ်ခန့် ရှိနေသော အပျိုတစ်ယောက်အဖြစ်ကို သတိထားခဲ့မိလေသည်။

"ရှင် . . . ဘာစိတ်ကူးနဲ့ ခေါ်လာတာလဲ ကိုခင်ညို"

ကျွန်ုပ်သည် ရင်ထဲတွင် နာကျင်သွားလေ၏။ ဒုက္ခိတလူသားတစ်ယောက်အား မိမိနှင့် လုံးဝမသက်ဆိုင်ဟန်ဖြင့် ပြောလိုက်သော မခင်တင့်၏စကားသံကြောင့် ကျွန်ုပ်မှာ ရင်ထဲတွင် နင့်ကနဲ ဖြစ်ခဲ့ရလေသည်။ ရုတ်တရက် စကားမပြန်သေးဘဲ ခေတ္တမျှ ငိုင်နေမိပြီးမှ-

"ဓိဝိတဒါနပေါ့ကွယ် . . . သတ္တဝါတစ်ယောက်ရဲ့ ကောင်းရာကောင်းကြောင်းဆိုတာ ပြုကောင်းပါတယ်ကွယ် . . ."

ကျွန်ုပ်၏ဇနီးသည် မကျေမချမ်း ဖြစ်နေဟန်ဖြင့် ကျွန်ုပ်အား

www.foreverspace.com.mm

စူးစိုက်၍ ကြည့်နေပါသေးသည်။

"ဘာပြောချင်သေးလို့လဲ မတင့်. . . ပြောလေ ပြောပါ. . . ကိစ္စ မရှိပါဘူး. . . ပြောနိုင်ပါတယ်. . ."

"အံ့မယ်လေး. . . ဘာမှမပြောချင်ပါဘူးတော်. . ."

မခင်တင့်သည် ဘာမျှမပြောချင်ပါဘူးဟု ဆိုသော်လည်း ကျွန်ုပ်လုပ်ခဲ့သမျှကိစ္စတို့သည် မည်မျှပင် အကျိုးအကြောင်း မညီညွတ်စေကာမူ သူမှာ ထာဝစဉ် ခွင့်လွှတ်ခဲ့ကြောင်း ထာဝစဉ် ကျေနပ်ရကြောင်းများကို ရှည်လျားစွာ မြည်တွန်တောက်တီးနေပါတော့သည်။ နောက်ဆုံး၌ကား. . .

"ကိုညိုရယ်. . . ကျွန်မတို့မှာ ကလေးငါးယောက်တောင် ရှိနေပြီဟာပဲ. . . မိတူးလေး မွေးပြီးကတည်းက ကျွန်မတော့ သားသမီး နောက်ထပ်မလိုချင်တော့ဘူးလို့ ပြောခဲ့တယ် မဟုတ်လား. . ."

ကျွန်ုပ်သည် မခင်တင့်ပြောသမျှတို့ကို တစ်ခွန်းတပါဒမျှ ပြန်၍ မပြောတော့ဘဲ. . . နားထောင်၍သာ နေခဲ့ပါသည်။ စိတ်ထဲကမူ ကန့်သတ်ချက်ကျဉ်းမြောင်းလှသော မခင်တင့်၏ သဘောထားကို တွေး၍ နေမိလေသည်။ ချစ်ခြင်းမေတ္တာတရားဆိုသည်မှာ အဝီစိတွင်းပမာ ကုန်ခမ်း၍ မြင်နိုင်ဖွယ်ရာမရှိပါဘဲလျက် အဘယ်အချက်ကြောင့် တွန့်တိုနေပါဘိသနည်း။

ကျွန်ုပ်အဖို့ဆိုလျှင် မိဘညီအစ်ကို မောင်နှမအရင်းမှစ၍ ဆွေမျိုးသားချင်းတို့ကိုပါ ချစ်ရ၏။ ကျွန်ုပ်၏ဇနီးမယား သမီးသားတို့ကိုလည်း ချစ်ရ၏။ ကျွန်ုပ်၏ တပည့်ကလေးများကိုလည်း ချစ်ရ၏။ ကျွန်ုပ်၏ အတန်းမှ စွန့်ခွာလေပြီးသော တပည့်များကိုလည်း ချစ်ရ၏။ အသစ်အသစ်သော တပည့်တို့ကိုလည်း ချစ်ရ၏။ တော်လောက်





www.foreverspace.com.mm

ပါပြီ။ တော်ပါပြီဟူ၍ကား မရှိခဲ့. . .။ ကျွန်ုပ်၏ ဘဝကသိုဏ်းဝန်း အတွင်းသို့ ဝင်လာသည့် သတ္တဝါဟူသမျှကို ချစ်ရ၏။ ခင်မင်ရ၏။ သနားရ၏။ ယင်းတို့တတွေအတွက် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရ၏။ ယခုလည်း နှင်းနုကလေးကို အိမ်သို့ ခေါ်ခဲ့သည်ဆိုရာ၌ ၎င်းကလေး၏ တာဝန်ကို ကျေပွန်ရန်အတွက်လည်း နားလည်ပြီးဖြစ်ပေသည်။ နားလည်သည့်အလျောက်လည်း စီစဉ်ပြီးဖြစ်ပေသည်။

"ဒီကလေးမလေးရဲ့ တာဝန် ဘယ်လောက်ကြီးမယ်ဆိုတာ ကိုညိုရိပ်မိပါတယ်ကွာ. . . သိပါတယ်ကွာ. . . သူ့ကို ဒီအိမ်မှာ သိပ်ကြာကြာကြီးထားမှာမဟုတ်ပါဘူး. . . သူ့မျက်စိရောဂါကို ပျောက်အောင် ကုဖို့ ဆရာဝန်ကြီးဆီ ပို့ပေးရုံတွင်ပါကွာ. . . သူ့ကို အိမ်ခေါ်လာတဲ့အတွက် တင့်တင့်မှာ အလုပ်များမယ် တာဝန်ပိုမယ်ဆိုတာကိုလဲ တွေးမိပါရဲ့. . . ကဲ. . . လုပ်ပြီးတဲ့အလုပ်ကိုတော့ မတားပါနဲ့။ မငြူစူပါနဲ့တော့ကွာ. . .။ စိတ်ကောင်းကောင်းထားပြီးသာ နေပါကွာ။ ကုသိုလ်ရပါတယ်။ နောက်ပြီး တို့မှာ သားသမီးတာဝန်ဆိုလို့ ပိစိကွေးလေးရှိတော့တာမှ မဟုတ်ဘဲ။ အတာဆိုရင် တင့်တင့်ကိုတောင် ကူညီလုပ်ကိုင်ပေးနိုင်ပြီ. . . အပါဆိုရင်လဲ လူပျိုပေါက် ကျောင်းသားကြီးဖြစ်နေပြီ. . . မာမာတို့ အတူးတို့လဲ ခုနေအခါမှာ ချီးလွှတ်သေးလွှတ်ပြီ။ ဒီတော့. . . ဒီဒုက္ခိတကို ပြုစုရတဲ့အတွက် အပိုဝန်လေးစရာ မရှိပါဘူးကွာ. . ."

ကျွန်ုပ်သည် ကျွန်ုပ်၏ အကြံအောင်မြင်ရေးအတွက် အမျိုးမျိုးသော လျှောက်လဲချက်များကို ပြောရလေသည်။ နောက်ဆုံးတွင် တင့်တင့်ကိုယ်တိုင်ပင် ကျွန်ုပ်၏စိတ်ထားကို လေးစား၍လော. . . ကျွန်ုပ်နှင့် ဆန့်ကျင်ဘက် မလုပ်လို၍လော မသိ "ကောင်းပါပြီလေ။ ကိုညို

လုပ်ချင်တာဆိုရင် တင့်တင့် တားလို့ရတာမှ မဟုတ်ဘဲ။ ကိုညို သဘောပဲပေါ့" ဟုဆိုကာ သဘောတူလာလေတော့သည်။

နှင်းနုလေးနှင့် ကျွန်ုပ်တို့ နေအိမ်သို့ ရောက်လာသောအချိန်မှာ ညနေစောင်းအချိန်ဖြစ်သောကြောင့် ကျွန်ုပ်တို့ ရောက်ပြီး မကြာမီ အတွင်းမှာပင် မီးအိမ်များကို ထွန်းညှိကာ နှင်းနုကလေးအား ရေချိုး စေလေသည်။ နှင်းနုကလေးအား မခင်တင့်က ရေချိုးခန်းသို့ ခေါ် သွားကာ ရေချိုးစေပြီးနောက် မခင်တင့်ကပင် ခေါင်းကို ဖြီးပေးလေ သည်။

ညစာထမင်းစားကြသောအခါ နှင်းနုကလေးကပါ အတူတူရော ၍ စားလေသည်။ ထမင်းပွဲမှာ စကားတစ်ခွန်းမျှ မကြားရဘဲ လုံးဝ တိတ်ဆိတ်၍ နေလေသည်။ ကျွန်ုပ်သည် အခါတိုင်းဆိုပါက ယခုကဲ့သို့ ထမင်းအတူ စားကြသည့်အခါများ၌ ကျွန်ုပ်၏ အတွေ့အကြုံများကို ပြန်လည်ပြောပြခြင်း၊ သားသမီးများ ရယ်မောစေမည့် စကားများကို ပြောခြင်း၊ မခံချင်အောင် စခြင်း၊ ဒင်းတို့တတွေ ကရုဏာသက်စေ မည့် အဖြစ်အပျက်များကို ပြောပြခြင်း၊ တရားစကား မှတ်ဖွယ်မှတ် ရာများ ပြောပြခြင်း စသည်တို့ကို ပြုလုပ်ခဲ့သော်လည်း ထိုနေ့ကမူ မခင်တင့်၏ စိတ်ထဲတွင် ကသိကအောက်ဖြစ်သည်ကို ရိပ်စားမိသော ကြောင့် ခပ်မဆိတ်ပင် နေခဲ့သည်။ တစ်အိမ်သားလုံးပင် နှင်းနု အကြောင်းကို မစဉ်းစားဘဲ မနေနိုင်ကြသော်လည်း မေ့မေ့ပျောက် ပျောက် နေလိုကြဟန် တူပါသည်။

ထိုမှ အချိန်တန်၍ အိပ်ရာဝင်ကြသောအခါ သမီးငယ်မာမာက ကျွန်တော့်အနားသို့ ကပ်ကာ. . .

"ဖေဖေခေါ်လာတဲ့ မမလေးကို မာမာ သနားတယ်" ဟု တိုးတိုး





ပြောပါသည်။

ကျွန်ုပ်မှာ သမီးလေး၏စကားကြောင့် ပီတိတွေဝေကာ မျက် ရည်များပင် လည်လာမိပါသည်။ ဤတွင် သမီးလေးကို ဖက်ကာ နမ်းမိပါသည်။

"သမီး. . . သူနဲ့အတူအိပ်ရမလား ဖေဖေ. . ."

"မနက်ဖြန်ကျမှ အိပ်ပါ သမီးရယ်. . . ဒီညတော့ သူ့ဖာသာသူ အိပ်ပါစေ. . ."

ကျွန်ုပ်သည် မေတ္တာစိတ်ပြည့်ဝနေသော သမီးအတွက် တစ်နေ့ လုံး ပင်ပန်းနွမ်းနယ်ခဲ့သည်တို့ပင်လျှင် ပျောက်၍သွားပါသည်။ ထိုမှ ပေါ့ပါးဖျပ်လတ်စွာဖြင့် စာရေးစားပွဲဆီသို့ လာကာ မနက်ဖြန် ကျောင်းဖွင့်ပါက စတင် သင်ပြရမည့် သင်စာမှတ်တမ်းများကို မှတ် သားနေမိပါတော့သည်။

မကြာမီ ဘုရားရှိခိုးသံများ ထွက်လာလေသည်။ ဘုရားရှိခိုးနေ ကြရာသို့ လှမ်းကြည့်လိုက်သောအခါ နှင်းနုကလေးကို တွေ့ရသဖြင့် သဒ္ဓါစိတ်တွေ တလိပ်လိပ် တက်ရပြန်လေသည်။

\+ + + + +

နှင်းနုကလေး ကျွန်ုပ်တို့အိမ်သို့ ရောက်ခဲ့သည်မှာ ဆယ့်ခုနစ် ရက်ခန့် ကြာခဲ့လေပြီ။

မိုးနှင်းများမှာလည်း နံနက်တိုင်းပင် ကျဆင်းလျက်ရှိခဲ့၏။ ယခု ရက်အတွင်းတွင် မိုးနှင်းအကျနည်းပါးသည်ဟူ၍ မရှိပဲ နေ့စဉ်ရက် ဆက်. . . သဲ၍သာနေခဲ့၏။ ယနေ့ဆိုလျှင် ခါတိုင်းနေ့ထက်ပို၍ သဲ နေ၏။

ကျွန်ုပ်တို့ကား အိမ်ထဲ၌ မီးများဖိုကာ မီးလှုံကြရသဖြင့် ကလေးတို့မှာ ပျော်နေကြ၏။ "အာလူးစားချင်. . . မိုးပေါ်ပျံ. . . အာလူးစားချင် မိုးပေါ်ပျံ" ဟု ဆိုကာ မီးဖိုမှထွက်သော မီးခိုးများကို အထက်သို့ လက်ဖြင့်ယက်ကာ ပင့်ပေးကြ၏။

နှင်းနုကလေးသာလျှင် ငြိမ်သက်စွာ ခပ်ကုပ်ကုပ် ထိုင်နေလေသည်။

နှင်းနုကလေး ရောက်လာသည်မှ ယနေ့တိုင် အိမ်သားများအဖို့ နှင်းနုကြောင့် စိတ်ရှုပ်ဖွယ်ရာ ကိစ္စမကြုံရသည်ကို ကျွန်ုပ်မှာ ဝမ်းသာနေရလေသည်။ ရောက်ခါစကမူ ကျွန်ုပ်၏စိတ်၌ ကျွန်ုပ်သည် ဇနီးသည် မခင်တင့်အား ကြီးစွာသော တာဝန်တစ်ရပ်ကို ပေးခဲ့မိချေပြီဟု တွေးကာ စိတ်မချမ်းမြေ့ခြင်း ဖြစ်ခဲ့ရ၏။ သို့သော် အခြေအနေမှာ ထင်သလောက် မဆိုးရွားလှ. . .

နှင်းနုကလေးမှာ အရွယ်ရောက်နေသူဖြစ်သောကြောင့် ကျွန်ုပ်မှာ ယုယုယယ မပြုဘဲ နေရခက်၊ ပြုရအခက် ဖြစ်နေစဉ်တွင် ကျွန်ုပ်၏ဇနီးက အလိုက်သိစွာ ပြုလုပ်ပေးရှာ၏။ နှင်းနုကလေးမှာ မျက်စိမမြင်သည်မှအပ အခြားသော အလှတို့နှင့် ပြည့်စုံသူ ဖြစ်၏။ မခင်တင့်က ဖြီးလိမ်းပြင်ဆင်ပေးထားသောအခါတွင် သူ၏နကိုအလှမှာ ထင်ထင်ရှားရှားကြီး ပို၍လှလာလေသည်။ နက်မှောင်သော ဆံပင်နှင့် ပြေပြစ်သောနဖူးမှအစ ခြေဖျားတိုင်အောင် ယဉ်သူကလေးဖြစ်၏။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ အိမ်သားများက ချစ်ရှာ၏။ မခင်တင့်ဆိုလျှင် သူကိုယ်တိုင် ဖြီးလိမ်းပြင်ဆင်ပြီးသောအခါ၌ ပြုံးကာရယ်ကာဖြင့် သူ့မွေးစားသမီးလေး၏ အလှကို ကြည့်မဝနိုင် ဖြစ်နေရှာ၏။

သမီးကြီးအတာ၏ အထည်ဟောင်းများမှာ နှင်းနုကလေးနှင့်





အံကိုက်ဖြစ်နေသောကြောင့်လည်း နှင်းနု၏ ဝတ်ဆင်ရေးမှာ အထူးတလည်း တာဝန်ပို၍ မနေခဲ့ပေ။

တာဝန်ပိုနေသူကား ကျွန်ုပ်သာလျှင် ဖြစ်၏။ စေတနာပိုနေသူကား ကျွန်ုပ်သာလျှင် ဖြစ်၏။ တစ်နေ့တစ်နေ့တွင် အလုပ်ဝတ္တရားကြောင့်သာ ကျောင်းသို့သွားကာ စာပြနေရသော်လည်း စိတ်ကမူ နှင်းနုကလေးထံသို့သာ ရောက်၍နေလေသည်။ နှင်းနုကလေးသည် ဟိုစမ်းဒီစမ်း သွားရင်းက လဲပြိုနေရှာမည်လော။ တစ်နေ့လုံး ထိုင်နေရ အိပ်ရာထဲတွင် ခွေနေရသောကြောင့် အညောင်းမိကာ မကျန်းမမာ ဖြစ်နေရှာမည်လော. . . မခင်တင့်နှင့် စိတ်ချင်းအခန့်မသင့်ဖြစ်ကာ အဆူအပူ အအော်အငေါက် ခံနေရရှာပြီလော. . . စသည့် လောပေါင်းများစွာတို့သည် ကျွန်ုပ် ရင်တွင်းတွင် အခွင့်သာတိုင်း စစ်ခင်း၍ နေကြလေသည်။ ထို့မှ. . . ကျောင်းလွှတ်၍ အိမ်သို့ရောက်ပြန်လျှင်လည်း ရှေးဦးစွာ နှင်းနုကလေးရှိရာသို့သာ သွားပြီး အကျိုးအကြောင်း မေးမြန်းပြောဆိုရလေသည်။ ထိုသို့ပြောဆိုရာတွင်လည်း ဇနီးသည်၏ ပြုစုဝန်တိုခြင်းမှ ကင်းလွတ်ပါလေစဟု တွေးကာ သတိထားရသည်ကလည်း တစ်ဒုက္ခပင်။ စားချိန်သောက်ချိန်တွင်လည်း ကျွန်ုပ်ကပင် ရှေ့ဆောင် ရှေ့ရွက်ပြုကာ စီစဉ်ရ၏။ ရေချိုးခြင်းနှင့် အလှပြင်ခြင်းတို့၌ ကျွန်ုပ် မပြုရ၍ပင် တော်တော့သည်။

တစ်ခါတစ်ရံတွင် မိမိ၏ဝမ်းတွင်း၌ ဖြစ်ပေါ်နေသော စိတ်စေတနာကို မျိုသိပ်ခြင်းငှာ မစွမ်းနိုင်သည့်အဖြစ်ကြောင့် ကိုယ့်ကိုယ်ကို အပြစ်တင်မိ၏။ ဘယ်အခါမဆို စိတ်ကို ဖိနှိပ်သည်ဟူ၍ မရှိ။ ဟန်ဆောင်သည်ဟူ၍ မရှိဘဲ စိတ်လိုက်မာန်ပါ ပြုမိခဲ့၏။ ယုယမိခဲ့၏။ ဇနီးသည်၏ အရောင်ထွက်နေသည့် မျက်လုံးအစုံကို မြင်တော့မှ

ကိုယ့်အဖြစ်ကို ကိုယ်ပြန်၍ သတိရမိလေသည်။ ထိုသို့သောအခါများ၌ နှင်းနုကလေးအား အိမ်သို့ခေါ်လာမိသည်မှာ အမှားတော်ပုံ တစ်ရပ် ဖြစ်နေရော့သလားဟုပင် တွေးထင်မိပြန်လေသည်။

နှင်းနုကလေးမှာ ရောက်သည့်နေ့မှစ၍ ပြုံးသည် ရယ်သည်ဟူ၍ မရှိ။ မည်သူနှင့်မျှ စကားမပြော။ ကျွန်ုပ်က မေးမှပင် တစ်ခွန်းစ နှစ်ခွန်းစ ပြောရှာ၏။ ကျွန်ုပ်က ရယ်စရာ ပြောသည်ကိုလည်း ရယ်ရမှန်း မသိရှာ။ ကျွန်ုပ်၏ဆန္ဒမှာ နှင်းနုလေးအား ရွှင်ရွှင်ပျပျနှင့် ပျော်ပျော်ပါးပါး နေစေချင်၏။ ထိုသို့နေလာလျှင် သူ့အပေါ်တွင် မျက်မမြင်ကလေးဟူသော အတွေးသည် ပျောက်ကွယ်၍သွားကာ ပိုမို၍ ရင်နှီးလာဖွယ်ရာ အကြောင်းရှိသည်ဟု ကျွန်ုပ်၏ စိတ်တွင် ထင်မိလေသည်။

ကျွန်ုပ်သည် ထိုကိစ္စနှင့်ပတ်သက်၍ မိတ်ဆွေကျောင်းဆရာ တစ်ဦးအား တိုင်ပင်ကြည့်မိလေသည်။

"ဒီကိစ္စဟာ လွယ်ပါတယ်ဗျာ. . . စိတ်ပညာသဘောတွေပါ. . တစ်ခုတော့ရှိတယ်လေ. . . ခင်ဗျားဟာ အိမ်တစ်ဆောင်ဆောက်တော့မယ်ဆိုရင် အမာခံသစ်တို့ အုတ်မြစ်တို့ အရေးကြီးတယ် မဟုတ်လား. . . အခုလဲ ဒီကလေးမလေးဟာဆိုရင် သူ့ဘဝဟာ အုတ်မြစ်မခိုင်တဲ့တိုက် အမာခံအသားညံ့တဲ့အိမ်လို ဖြစ်နေရှာမယ်. . . ဘာဖြစ်လို့လဲဆိုတော့ စိတ်မကစားတတ်သေးတဲ့အရွယ်. . . အပြစ်ကင်းစင် သန့်ရှင်းတဲ့အရွယ်မှာ ဖြန်းဆို မျက်စိကွယ်သွားပြီး. . . ရင်းရင်းနှီးနှီးနေရတဲ့ လူဆိုလို့ သူ့အမေသာရှိမယ်. . . အဲဒီအမေနဲ့က လဲ. . . တစ်နေ့လုံးနေလို့ စားချိန်နဲ့ အိပ်ချိန်လောက်သာ ဆုံရတာဆိုတော့. . . စကားပြောရတဲ့အချိန် ရှိရှာမှာ မဟုတ်ဘူး. . . ဒါနဲ့





တွင်ပဲ. . . သူ့မှာ စကားမပြောဘဲ သူ တုံကြိုဘာဝနေတတ်တဲ့အကျင့် ကပါနေပြီး အမြဲတမ်း တစ်ယောက်ထဲလိုလိုလဲ နေရပြန် သူ့ဘဝဖြစ်စဉ်ကလဲ ဆိုးနေပြန်တော့ သူ့စိတ်ထဲမှာ သူ့အဖြစ်ကိုသာ အမြဲစဉ်းစားပြီး စိတ်မချမ်းမသာ ဖြစ်နေတော့. . . ရယ်ရပြုံးရမှန်းလဲ မသိဖြစ်နေမှာပေါ့. . . ဟုတ်ဘူးလား. . . ကျွန်တော် ပြောတာ. . ."

"ဟုတ်ပါတယ်ဗျား. . . ဟုတ်ပါတယ်. . ."

"အဲဒီတော့. . . ကလေးမလေးရဲ့ဘဝဟာ ခုနကပြောသလို အမာခံအသားက ညံ့နေလေတော့ ပြုပြင်ပေးရမှာပေါ့. . . တော်ပါသေးတယ်။ ဒီလို အခြေခံညံ့နေတဲ့အပေါ်မှာ ဘယ်လိုသဘောတရား ဘယ်လို အသိတရားတွေမှ ဝင်မလာလို့ တော်ပေသေးတော့တယ်"

"ဒီတော့ ဘယ်လိုလုပ်ရရင်ကောင်းမလဲဗျ"

"ဒါကတော့ လွယ်ပါတယ်ဗျာ. . . လောကကြီးမှာ ဘာမှ မျှော်လင့်စရာ မရှိတော့ဘူးရယ်လို့ သူ့ကိုယ်သူ ယူဆထားတဲ့စိတ်ကို ပျောက်အောင် လုပ်ပေါ့။ လူ့ဘဝဆိုတာ ခင်တွယ်စရာပါလား. . . မက်မောစရာပါလား. . . ဘဝရဲ့လှပမှုတွေဟာ ဒါတွေပါလားလို့ နားလည်အောင် ပြောပြပေါ့ဗျာ. . . သင်ပေါ့ဗျ။ ဒီကလေးမ နားတော့ ကြားတယ် မဟုတ်လား"

"ကြားပါတယ်. . . မျက်စိသာ မမြင်တာဗျာ. . ."

"ကျွန်တော်. . . အဖြစ်အပျက်တစ်ခု စိတ်ပညာစာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်။ ဖြစ်ပုံကဒီလိုဗျ။ မိန်းမတစ်ယောက်ဟာ စကားမပြောတတ်ဘူးတဲ့ဗျ။ သူက မွေးလာတော့ မျက်စိမမြင်ဘူးတဲ့ဗျ။ နောက်ပြီး အဲဒီမိန်းမ ကလေးရပုံကလဲ လင်ရယ်ဘာရယ် အတည်တကျနေပြီး မွေးရတာ မဟုတ်ဘူးတဲ့. . . ဆိုကြပါစို့ဗျာ. . .

www.foreverspace.com.mm

လူမသမာ တစ်ယောက်က အချောင်ကျင့်ရာခံရပြီး မွေးလာတာမျိုး ပေါ့. . . စကားမပြောတတ်တဲ့ အမေနဲ့နေရှာရတဲ့ မျက်မမြင်လေး ဟာ စကားပြောရမယ့်အချိန်မှာ စကားပြောရမယ့်လူက မရှိတော့ သလိုလို အအလေးဖြစ်မှန်းမသိ ဖြစ်နေတာပေါ့. . . ဒါကို သနား တတ်တဲ့လူတွေက သနားလှချီရဲ့ဆိုပြီး ကလေးမလေးကို ကျောင်းနေ တဲ့အရွယ်လဲကျရော အင်္ဂလိပ်ဆရာဝန်ကြီးတစ်ယောက်ဆီကို ခေါ် သွားကြသတဲ့။ အင်္ဂလိပ်ဆရာဝန်ကလဲ သနားတာနဲ့ သူမွေးထားပေါ့ မယ်ဆိုပြီး ကုသတဲ့. . . ဆရာဝန်ကြီးသဘောကလဲ ခင်ဗျားလိုပေါ့ ဗျာ. . . ဒုက္ခိတကို ကယ်တဲ့သဘောပေါ့. . . ”

“ဟုတ်ကဲ့ ပြောပါဦး. . . ”

“ဆရာဝန်ကြီးဟာ ပထမ ဘယ်လိုလုပ်သလဲဆိုတော့ တွယ်အပ်နဲ့ ကလောင်တံကို ပြပြီး ‘ပင်နီ’ ‘ပဲနီ’ ဆိုတဲ့စကားနှစ်လုံးကို စသင်သ တဲ့။ ပထမတော့ ကလေးမလေးဟာ စကားမပြောဖူးတော့ ပြောရမှာ ကြောက်နေသတဲ့။ ဆရာဝန်ကြီးက တွယ်အပ်နဲ့ ကလောင်တံကိုသာ ပေးခဲ့ပြီး တခြားမှာ ရှောင်နေသတဲ့။ ဒီတော့မှ မိန်းကလေးဟာ တစ်ယောက်ထဲနေရင်း ‘ပင်နီ’နဲ့ ‘ပဲနီ’ ဆိုရင်း တွယ်အပ်နဲ့ ကလောင် တံကို စမ်းစမ်းကြည့်နေသတဲ့။ တော်တော်ကလေးလဲ ရက်ကြာရော မိန်းကလေးဟာ ဆရာဝန်ကြီး ရှေ့မှာပြောရဲလာသတဲ့။ အဲဒီနေ့က စပြီး ကလေးမလေးရဲ့အခြေအနေဟာ တိုးတက်လာတော့သတဲ့။ ပြီး လဲ ပြီးတတ် ရယ်တတ်လာသတဲ့။ ဒီတွင် မျက်မမြင်တွေ ဖတ်တဲ့စာတို့ ဘာတို့ကို သင်ပေးလို့ ရလာတော့သတဲ့။ နောက်ဆုံးမှာ မျက်စိကို ကုချင်စိတ်ပေါက်လာပြီး မျက်စိကို ကုဖို့ ပြောလာသတဲ့။ ဒါပေမဲ့ ကလေးမရဲ့ မျက်စိက ဝမ်းတွင်းပမို့ ကုလို့ မရမှန်းသိတော့လဲ မျက်





www.foreverspace.com.mm

မမြင်ဘဝနဲ့ သူလုပ်နိုင်သမျှ လက်မှုပညာလုပ်ငန်းတွေကို လုပ်ပြီး အေးအေးချမ်းချမ်းနဲ့ အသက်ထက်ဆုံး နေသွားသတဲ့။ သူ့စာအဆိုက တော့ မျက်မမြင်တွေဟာ မျက်စိမမြင်တဲ့အတွက် ‘ငါတော့ ဘဝဆုံးပြီ’ ဆိုတဲ့ အတွေးမျိုး မပေါ်လာအောင်လုပ်ဖို့ စာရေးသတဲ့။ ‘ဘဝကို ခင်တွယ်နိုင်ဖို့ကလဲ အာရုံခြောက်ပါးကို ခံစားနိုင်ဖို့လိုတယ်။ သူတို့က မျက်မမြင်မို့ ရုပ်ရုံ ကွယ်နေတော့ ကျန်တဲ့အာရုံငါးပါးနဲ့ သူတို့ကို နှစ်သိမ့်စေဖို့လိုတယ်။ ကျွန်တော်တော့ သူ့အဆိုကို အတော်သဘော ကျတယ်ဗျ”

ဤတွင် ကျွန်တော်က သဘောကျနေသည်ဆိုသော အချက်ကို ငြင်းချက်ထုတ်ရလေသည်။

“ဘဝကို ခင်တွယ်တာဟာ နောက်ဆုံးတစ်နေ့ ဒုက္ခရောက်ဖို့ မဟုတ်လား။ ဘဝကို ခင်တွယ်လေလေ သောကများရလေပဲ မဟုတ် လားဗျ”

“ဒါကတော့ ခင်ဗျားက လောကုတ္တရာအကြောင်းနဲ့ ပြောနေတာ ကိုးဗျ။ ဒီမယ် ကျုပ်က လောကီကြောင်းနဲ့ ပြောမယ်။ လူဆိုတာ အလှအပတို့၊ အပျော်အပါးတို့ သာယာကြည်နူးမှုတို့ ဆိုတာတွေမှာ မွေ့လျော်ကြစမြဲပဲ မဟုတ်လား။ အဲ့ဒါတွေမှာ မွေးလျော်နေရရင် လူဟာ ငရဲတို့ တမလွန်ဘဝမှာ ကြုံရမယ့် ဝိပါက်တို့ ဘာတို့ကို မေ့နိုင် တယ် မဟုတ်လား။ မျက်စိမမြင်တဲ့ မိန်းကလေးတစ်ယောက်ကို အိမ် မှာခေါ်ပြီး ကုဖို့ရည်ရွယ်တယ်၊ ပြုစုထားတယ်ဆိုတာ လောကီကိစ္စ။ ခင်ဗျားမှာ သံယောဇဉ်ကြီးတဲ့စိတ်ရှိလို့ ကုတာ။ လောကုတ္တရာအ ကြောင်းနဲ့ ပြောရင် သူ့ဘဝက်အတိုင်း သူကန်းနေတာပဲဆိုပြီး ခင်ဗျား လျစ်လျူပြုရုံပေါ့ဗျ. . . ”

www.foreverspace.com.mm

ကျွန်ုပ်ကား မည်သို့မျှ မပြောသာခဲ့ပါ။

ထို့နောက် ကျွန်ုပ်၏ မိတ်ဆွေသည် ချားလ်စ်ဒစ်ကင် ရေးသော 'မီးဖိုဆောင်ပေါ်က ပရစ်ကလေး' ဟူသော ဝတ္ထုတိုကို ဖတ်ရန် ယူလာပါသည်။ ဝတ္ထုမှာ မျက်မမြင်မိန်းကလေးတစ်ဦး၏ဖခင်သည် လွန်စွာဆင်းရဲသဖြင့် ကစားစရာအရုပ် လုပ်၍ရောင်းစားရသူ ဖြစ်သော်လည်း သမီးလေး စိတ်ချမ်းသာစေရန်အတွက် သူတို့ကိုယ်သူတို့ လူချမ်းသာကြီးများသဖွယ် သုံးနှုန်းပြောဆိုကာ သူဌေးတစ်ဦးအနေဖြင့် သမီးကလေးအား လှည့်စားပုံများကို ကြေကွဲဖွယ်ရာ ဖော်ပြထားလေသည်။ ထိုဝတ္ထု၌ ဒစ်ကင်၏ အရေးအသားမှာ ကရုဏာရသဖြင့် ပြည့်ဝလျက်ရှိလေသည်။ ကျွန်ုပ်ကား နှင်းနုကလေးအား ဤသို့ လုပ်ရန်မလိုပါ။

ကျွန်ုပ်သည် ဝတ္ထုထဲကအတိုင်း မပြုလုပ်လိုသော်လည်း ကျွန်ုပ်၏ မိတ်ဆွေပြောပြခဲ့သည့်အတိုင်းကား ပြုလုပ်ခဲ့ပါသည်။ ရှေးဦးစွာ ကျွန်ုပ်သည် သားသမီးများနှင့်တကွ နှင်းနုကိုပါ တစုတရုံးတည်း ထိုင်စေကာ စိတ်ရွှင်လန်းဖွယ်ရာပုံပြင်ကလေးများကို ဖတ်ပြရလေသည်။ အခြားကလေးများ ရယ်သောအခါတိုင်း နှင်းနုကလေးကို အကဲခတ်ရ၏။ နှင်းနုကလေး ရယ်သည်မြင်ရမှ ရင်ထဲတွင် အေးသွားကား ရှေ့ဆက်၍ ဖတ်နိုင်ခဲ့၏။ နှင်းနုလေး၏ အပြုံးများသည် ကျွန်ုပ်၏ နှလုံးသားကို လန်းဆန်းစေခဲ့၏။

ထိုအဖြစ်ကို သတိထားလာမိသောအခါတွင် ကိုယ့်ကိုယ်ကိုပင် မယုံကြည်ချင်သလို မသန့်ရှင်းတော့ပြီဟု ယူဆချင်သလို ဖြစ်လာ၏။ နှင်းနုကလေး၏အပြုံးကြောင့် စိတ်တွင် ကြည်နူးရပုံမှာ ကျွန်ုပ်၏ သားသမီးများ၏အပြုံးကို မြင်ရသောအခါတွင် ကြည်နူးရပုံနှင့် မတူ





www.foreverspace.com.mm

သည်မှာ အံ့ဩဖွယ်ရာ ဖြစ်နေ၏။ ထိုအပြုံးကား သူတစ်ပါး ပြုံးသည်ကို မြင်၍ ပြုံးသည့်အပြုံး မဟုတ်။ တကယ်ပင် ဝမ်းထဲက လှိုက်လှဲစွာ ထွက်ပေါ်လာသော အပြုံးပင် ဖြစ်လေသည်။

ထိုအချိန်မှစ၍ နှင်းနုသည် ပြုံးပြုံးရွှင်ရွှင် နေတတ်လာ၏။ နှင်းနုကလေး၏ ရယ်သံထက် သာယာသောအသံသည် ဤလောကတွင် မရှိဟု ထင်ခဲ့၏။ နှင်းနုကလေး ပြုံးပြုံးရွှင်ရွှင်နေလာသောကြောင့် ကျွန်ုပ်၏ သားသမီးတို့သည် ရဲရဲတင်းတင်း ဖော်ဖော်ရွေရွေ စကားပြောကြ၏။ သူ့ကိုယ်သူ မျက်မမြင်ဘဝသို့ ရောက်နေရသည်ကိုလည်း ရှက်နေဟန် တူလေသည်။

ကျွန်ုပ်၏ ကလေးများမှာ အငယ်ဆုံးကလေးပင်လျှင် ကျောင်းနေသည့်အရွယ်သို့ ရောက်နေပေရာ တစ်နေ့တစ်နေ့တွင် နှင်းနုနှင့် မခင်တင့်တို့သာလျှင် အိမ်၌ ကျန်ရစ်နေလေသည်။ ကျွန်ုပ်တို့တတွေ ကျောင်းမှပြန်လာသောအခါ၌လည်း နှင်းနုခမျာမှာ အိမ်ထောင့်တွင်သာ ကုပ်ကုပ်ကလေး ထိုင်၍နေတတ်လေသည်။ ထို့ကြောင့် ကျွန်ုပ်မှာ သင်းကလေးအညောင်းမိသွားမည်ကို စိုးရိမ်မိသဖြင့် ညနေစောင်းများ၌ အိမ်အပြင်သို့ ထွက်ကာ လမ်းလျှောက်ရန် ပြောရလေသည်။ သို့လမ်းလျှောက်ကြရာတွင် သမီးအကြီးများက နှင်းနုနှင့် လက်တွဲသွားရမည်ကို ရှက်သည်ဟုဆိုကာ မလိုက်ဘဲနေကြသောကြောင့် ကျွန်ုပ်နှင့် သမီးငယ် မာမာတို့က နှင်းနုအား လက်တွဲ၍ လျှောက်ကြရလေသည်။ သူကလေးမှာ အိမ်တွင်နေခဲ့စဉ်ကဆိုလျှင် လမ်းလျှောက်ရသည်ဟူ၍ မရှိဘဲ အိမ်ထဲ၌သာ ကုပ်နေခဲ့ရပေသည်။ ယခုမှ ယုယုယယ တွဲခေါ် လမ်းလျှောက်မည့်သူ ရှိသဖြင့် ဝမ်းအသာကြီး သာလျက်ရှိလေသည်။

'တစ်ခါတစ်ရံ. . . လမ်းလျှောက်နေရင်းက ကျေးငှက်တို့၏ အော်သံကို ကြားရပါက ရပ်တန့်ကာ နားစွင့်၍ နေတတ်လေသည်။

"ဘာငှက်ပါလိမ့်. . . အစ်ကိုကြီးရယ်. . . အသံက သာလိုက်တာ" စသည်ဖြင့် သောတအာရုံကို ခံစားလာသောအခါတွင်ကား ကျွန်ုပ်မှာ ထ၍ပင်ခုန်ချင်လာလေသည်။

"ငှက်ကလေးတွေရဲ့ ဘဝဟာ တော်တော်ပျော်စရာကောင်းမှာပဲနော်. . . အော်ကြဟစ်ကြ ပျံကြနဲ့ ပျော်စရာပဲနော်. . . နှင်း ငယ်ငယ်တုန်းကလေ ညနေစောင်းလို့ ငှက်အုပ်တွေ ပျံလာတာမြင်ရရင် သိပ်ပျော်တာပဲ။ တစ်ခါတလေ တစ်ကောင်ထဲ နောက်ကျနေလို့ ကမန်းကတန်းပျံနေတဲ့ ငှက်ကလဲ ရှိသေးတယ်. . ."

နှင်းနုကလေးသည် သူ မျက်စိမြင်စဉ်ဘဝက တွေ့ခဲ့မြင်ခဲ့ရသည်တို့ကို ပြန်ပြောင်း တသနေဟန် ရှိလေသည်။

"ဒါထက် ငှက်တွေဟာ သီချင်းဆိုတယ်ဆိုတာ တကယ်ပဲလားဟင်. . . ဟိုတစ်နေ့က အစ်ကိုကြီးဖတ်ပြတဲ့စာအုပ်ထဲမှာ ငှက်တွေဟာ သဘာဝ၏အလှကို တေးဖွဲ့ကြတယ်ဆိုလား. . . ဘာဆိုလား. . . အစ်ကိုကြီးရယ်. . . အဲဒါ တကယ်ပဲလားဟင်"

"တကယ်တော့ သီချင်းဆိုကြတာ ဟုတ်မယ်မထင်ပါဘူးကွယ်။ လူတွေက စိတ်အထင်နဲ့ တင်စားပြီး ရေးကြ ပြောကြတာထင်ပါတယ်ကွာ"

"တခြား တိရစ္ဆာန်တွေကိုတော့ သီချင်းဆိုတယ်လို့ ဘာဖြစ်လို့ မတင်စားကြတာလဲ. . . ဟင်"

နှင်းနု၏အမေးမှာ အတော်အဖြေရခက်သော အမေးဖြစ်လေသည်။ ထိုပြဿနာမှာ ကျွန်ုပ်ကိုယ်တိုင် တစ်ခါမျှ မစဉ်းစားခဲ့ဖူးသော





ပြဿနာတစ်ရပ် ဖြစ်လေသည်။

"ဒါပြင် တိရစ္ဆာန်တွေကတော့ ငှက်ကလေးတွေလို မပြောတတ်လို့ ထင်ပါရဲ့နော်"

နှင်းနုက ထပ်ဆင့်ကာ ပြောလာပြန်သဖြင့် ကျွန်ုပ်မှာ မနေသာတော့ဘဲ "ဒီလိုလဲ ဘယ်ဟုတ်မလဲ အနှင်း. . . သူတို့လဲ သူတို့ဘာသာဘာဝ. . . သူတို့ စိတ်ပျော်တာကို ဖော်ပြကြတာပေါ့" ဟုဖြေရကာ အခြားသော တိရစ္ဆာန်များ၏ ပျော်မြူးရွှင်လန်းဖွယ်ရာများကို ပြောပြရလေသည်။

ညနေစောင်း၍ မှုန်ရီရီအလင်းရောင်တွင် မြင်ရသည့် နှင်းနုနှင့် သမီးလေးမာမာတို့၏အပြုံးကား စိတ်ကြည်နူးဖွယ် ကောင်းလှပါဘိတောင်း. . . .။

\+ + + + +

ဤသို့လျှင် နှင်းနုကလေး၏ မျက်စိကို ကုသရန် စုံစမ်းရင်း မျက်စိကုရန်အတွက် ဆေးကုခကို စုဆောင်းနေဆဲမှာပင် ကျွန်ုပ်သည် နှင်းနုလေး၏ စိတ်ရွှင်လန်းစေရန်အရေး ဘဝကို တွယ်တာလိုစိတ် ပေါ်ပေါက်လာရေးတို့အတွက် ကြိုးပမ်းနေခဲ့ရလေသည်။

ကံအားလျော်စွာ နှင်းနုကလေးမှာ အသက်ကြီးမှ မျက်စိကွယ်ရသူဖြစ်သောကြောင့် သဘာဝ၏အလှကို မျက်စိထဲတွင် ထင်းကနဲနေအောင် ပြောပြရာ၌ အလွယ်တကူသိမြင်တတ်၏။ နားလည်လာ၏။ ဤသည်ပင်လျှင် ကျွန်ုပ်အတွက် သက်သာရာသက်သာကြောင်းတစ်ရပ် ဖြစ်နေလေတော့သည်။

တစ်ညတွင်မူ ကျွန်ုပ်သည် နှင်းနုကလေးအား သမီးများနှင့်အ

တူ ပွဲကြည့်ရန် ခေါ်သွားခဲ့၏။ သဘောမှာ နှင်းနုကလေးအား ဂီတအရသာ ခံစားစေလိုသည့်သဘောပင် ဖြစ်လေသည်။ ပွဲသို့ရောက်၍ အပျိုတော်နှင့် ယိမ်းထွက်ပြီးသည့်နောက် မကြာမီအတွင်းမှာပင် နှင်းနုသည် ပြန်လိုကြောင်းဖြင့် ပူဆာလေသည်။

"ဖေဖေရယ် . . . ပြန်ပို့လိုက်ပါ . . . နောက်တော့မှ သမီးတို့ကို လာခေါ်ပါ" ဟူသော သမီးကြီးအတာ၏စကားအရ ကျွန်ုပ်သည် နှင်းနုကလေးအား အိမ်သို့ ခေါ်ခဲ့ရလေသည်။

ထိုညမှာ လသာသောည ဖြစ်ပါသည်။ နှင်းရည်တို့ဖြင့် စိုရွှမ်းလျက်ရှိသော သစ်ရွက်တို့မှာ လရောင်ကြောင့် ငွေရောင် လက်လျက်ရှိလေသည်။ တလောကလုံးမှာ တိတ်ဆိတ်လျက် ရှိ၏။ ဝင်းပစိုပြေလျက်ရှိ၏။ နှင်းနုကား တိတ်ဆိတ်ခြင်း၏အရသာကိုသာ ခံယူနိုင်ကာ ဝင်းပစိုပြေခြင်း၏အရသာကိုကား ခံယူနိုင်လိမ့်မည်မဟုတ်ဟု တွေးမိသောကျွန်ုပ်မှာ ဟင်းကနဲ သက်ပြင်းချမိလေသည်။

"အစ်ကိုကြီး . . ."

"ဗျာ . . ."

"အစ်ကိုကြီး စိတ်ညစ်နေပြီထင်တယ် . . ."

"မဟုတ်ပါဘူး . . . မညစ်ပါဘူး . . ."

"တကယ်ပဲလား အစ်ကိုကြီးရယ် . . . နှင်းတော့ သိပ်ပျော်တာပဲ။ တကယ်ပြောတာပါ။ အနှင်းတကယ်ပျော်လို့ ပြောတာပါ . . . အစ်ကိုကြီး စိတ်ချမ်းသာပါစေတော့လို့ ပြောတာ မဟုတ်ပါဘူး . . . တကယ်ပျော်လို့ပြောတာ . . . မယုံရင် အနှင်းမျက်နှာကို ကြည့်ပါ . . . အနှင်းပျော်ပေမယ့် အစ်ကိုကြီး စိတ်ညစ်နေတာ အနှင်းသိပါတယ် . . . အစ်ကိုကြီး သက်ပြင်းချတာကို အနှင်းကြားရပါတယ်"





"တကယ်ပါကွယ် . . . အစ်ကိုကြီး စိတ်မညစ်ပါဘူး"

"အနှင်းသိလို့ ပြောတာပါ . . . တစ်ခါက အစ်ကိုကြီးဟာ အစ်မကြီးကြောင့် ငိုဖူးတယ် မဟုတ်လား . . . အစ်ကိုကြီးဟာ အစ်မကြီးအတွက် ဘာတစ်ခုမှ တာဝန်မကျေတဲ့အတွက် စိတ်မကောင်းလို့ ငိုတာပါလို့ အစ်ကိုကြီး ပြောခဲ့တယ်"

ကျွန်ုပ်သည် မှတ်ဉာဏ်ကောင်းလှသည့် အနှင်းကို အံ့ဩမိလေသည်။ အမှန်မှာ ထိုစဉ်က အနှင်းကို ယုယစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ မခင်တင့်က ဆူဆူပူပူ လုပ်သဖြင့် စိတ်ရှုပ်ကာ မျက်ရည်ကျခြင်း ဖြစ်လေသည်။ သို့ရာတွင် အနှင်းကိုကား တစ်မျိုးလိမ်၍ ပြောခဲ့၏။

"အဲဒီညနေ အနှင်းနဲ့အတူတူ လမ်းလျှောက်တော့ အစ်ကိုကြီး နောက်ကို ဘယ်တော့မှ မငိုတော့ပါဘူးလို့ ပြောခဲ့တယ် မဟုတ်လား။ ဒါပေမဲ့ အခု အစ်ကိုကြီး စိတ်ညစ်နေပြီ . . . ငိုချင်နေပြီ။ အစ်ကိုကြီး စိတ်မညစ်ပါဘူးဆိုတာ ညာတာပါ . . . အစ်ကိုကြီးရဲ့ ပါးပေါ်မှာ မျက်ရည်တွေ စီးနေတယ်ဆိုတာကို အစ်ကိုကြီးရဲ့မျက်နှာ မစမ်းကြည့်ဘဲနဲ့ အနှင်းသိပါတယ် . . ."

"ခက်တော့တာပဲ အနှင်းရယ် . . . အစ်ကိုကြီး မငိုပါဘူး။ စိတ်မညစ်ပါဘူးလို့ ဆိုနေမှပဲ"

"အစ်ကိုကြီး တစ်ခါတစ်ခါ . . . စိတ်ညစ်ရတယ် . . . ငိုရတယ် မဟုတ်လား . . ."

"တစ်ခါတစ်ခါတော့ စိတ်ညစ်ရတာပေါ့ . . . အမြဲတော့ ဘယ်ဟုတ်ပါ့မလဲ . . ."

"နောက်ပြီး . . . အစ်ကိုကြီးဟာ ငိုရတာတို့ စိတ်ညစ်ရတာတို့ကို

www.foreverspace.com.mm

သဘောကျပုံရတယ်. . . ဟုတ်လား. . ."

"မဟုတ်ပါဘူး. . . အနှင်းရယ်. . . ဘာတွေ မေးနေပါလိမ့်"

ထိုအခိုက် ပွဲဆီမှ ထွက်ပေါ်လာသော စခမ်းသိမ်းတီးမှုတ်သံတို့သည် တိတ်ဆိတ်ခြင်းကို ဖျက်ဆီးကာ လေထဲတွင် ပျံ့လွင့်၍လာလေ၏။ ဆောင်းလေသည် အအေးဓာတ်ရှိကို လှုပ်ရမ်းလျက် ရှိသောကြောင့် လောကဓာတ်တစ်ခုလုံးမှာ အေးမြနေလေသည်။ နှင်းနုကလေးကား ကျွန်တော်၏လက်မောင်းကို သူ့လက်ဖြင့် တင်းကြပ်စွာဖက်ကာ လိုက်ပါလာလေသည်။

"တကယ်လား အစ်ကိုကြီး. . . အစ်ကိုကြီး အနှင်းကို မညာရဘူးနော်. . ."

"မညာပါဘူး ဆိုနေမှပဲကွာ. . ."

"ကဲ. . . ဒါဖြင့် အနှင်းမေးသမျှ မှန်မှန်ပြောမယ်ပေါ့. . . ဟုတ်လား. . ."

"ဒါပေါ့. . . မှန်မှန်ပြောမှာပေါ့ဗျာ. . . အစ်ကိုကြီး မညာပါဘူး. . ."

"ဒီလိုဆိုရင်. . . အနှင်းသိချင်တာက အနှင်းဟာ လှသလား၊ အရုပ်ဆိုးသလား. . ."

မမျှော်လင့်ခဲ့သည့်မေးခွန်းပင် ဖြစ်ပေသည်။ ကျွန်ုပ်၏ ရင်ထဲတွင် ဟာကနဲဖြစ်မိလေသည်။ အဘယ်သဘောဖြင့် မေးသည်ကို နားမလည်နိုင်ခဲ့။ အမှန်အားဖြင့်ဆိုရလျှင်လည်း ကျွန်ုပ်မှာ နှင်းနု၏ အလှကို တစိမ့်စိမ့်ကြည့်ကာ ကြည်နူးသာယာခြင်း မရှိခဲ့. . .။

"ဘာသဘောနဲ့ ဒီမေးခွန်းကို မေးတာလဲကွယ်. . . ကိုယ့်ကိုယ်ကို လှတယ် မလှဘူးဆိုတာ ဘာလို့သိချင်ရပါလိမ့်"





www.foreverspace.com.mm

"အော်. . . အနှင်းဟာ အရုပ်ဆိုးမများ ဖြစ်နေသလားလို့ပါ။ အစ်ကိုကြီးဟာ လှလှပပတွေကို အင်မတန် ပြောတတ်တယ် မဟုတ်လား။ ဘယ်ဟာဟာ လှတယ်။ ဘယ်ဟာကတော့ မလှဘူးလို့ ပြောတတ်တယ် မဟုတ်လား. . . ဒီတော့ အနှင်းဟာ မလှတဲ့သူဆိုရင် အလှကြိုက်တဲ့ အစ်ကိုကြီးမှာ. . ."

"အိုကွာ. . . အစ်ကိုကြီး တန်ဖိုးထားတဲ့အလှက မျက်နှာအလှမဟုတ်ပါဘူးကွာ. . . စိတ်လှတာကိုသာ တန်ဖိုးထားပါတယ်. . . အရေးကြီးတာက စိတ်လှဖို့ အရေးကြီးပါတယ်"

"ဒါဖြင့် အနှင်းဟာ မျက်နှာ မလှဘူးလို့ ဆိုချင်တာပေါ့. . . ဟုတ်လား"

"ဒီလိုလဲ မဟုတ်ပါဘူး. . . အနှင်း လှပါတယ်. . . တကယ်လှပါတယ်"

အနှင်းမျက်နှာကလေးကား လရောင်အောက်တွင် တကယ်ပင်စိုဝင်းသန့်စင်လျက် ရှိပါပေသည်။

အိမ်သို့ ရောက်သောအခါ သမီးအတွေးဆုံးနှင့် အိပ်၍နေသော မခင်တင့်ကို တွေ့ရပါသည်။ မခင်တင့်သည် ကျွန်ုပ်နှင့်အနှင်းတို့နှစ်ယောက်တည်း ပြန်လာကြသည်ကို တွေ့သောအခါ အရောင်ထွက်နေသောမျက်လုံးအစုံဖြင့် ကြည့်နေပါသည်။ ဤကား သူ၏ဝါသနာဖြစ်လေသည်။ သူမကျေနပ်သည့်ကိစ္စတစ်ရပ်ကို ကျွန်ုပ်လုပ်လေတိုင်း ရှင်းရှင်းဘွင်းဘွင်း ချက်ချင်းပြောမပြဘဲ ဝမ်းထဲတွင်ကျိတ်၍ မှတ်ထားကာ အံ့ပုန်းလုပ်နေပြီးမှ တစ်ချိတစ်ချီတွင် ဆူပွက်တတ်လေသည်။ ယခုလည်း ဆိုးသည် ကောင်းသည် တစ်ခွန်းမျှမပြောဘဲ ခပ်မဆိတ်ပင် နေနေ၏။ အကယ်၍သာ မခင်တင့်သည် စိတ်ထဲတွင်

www.foreverspace.com.mm



မည်သို့မျှသဘောမထားပါက ကျွန်ုပ်တို့ ပွဲသွားသည်ကို သိထားသည့်အတိုင်း "ဘာဖြစ်လို့ ပြန်လာကြသလဲ. . . သမီးတို့ရော. . ." ဟု မေးဖို့သင့်၏။ နှင်းနုကိုလည်း "ဘယ့်နှယ်လဲဟေ့. . . ပျော်ခဲ့ရဲ့လား" ဟု မေးရန် သင့်၏။ ထိုသို့ မမေးဘဲနေခြင်းအားဖြင့် နှင်းနု၏စိတ်ပျော်ရွှင်ရေးကို စိတ်မဝင်စားသည့်သဘောသို့ သက်ရောက်စေပေသည်။ ကျွန်ုပ်လည်း မည်သို့မျှ မပြောမဆိုဘဲ နှင်းနုကို ထားခဲ့ကာ သမီးတို့တတွေကို ခေါ်ရန်အတွက် လှည့်ထွက်ခဲ့လေသည်။

သမီးတို့ကို ခေါ်ခဲ့ပြီး၍ အိပ်ရာသို့ ဝင်ခဲ့သော်လည်း မခင်တင့်ကား စကားတစ်ခွန်းမျှ မပြောပေ။ နံနက်လင်း၍ အိပ်ရာမှ နိုးလာသည့်တိုင်အောင် မခင်တင့်မှာ သုန်သုန်မှုန်မှုန် လုပ်နေပြန်သောကြောင့် ကျွန်ုပ်မှာ မနေသာတော့ဘဲ. . .

"ဘာလဲ. . . တင့်တင့်က ကိုယ်နဲ့ နှင်းနုလေးနဲ့ နှစ်ယောက်ထဲ ပြန်လာတာကို စိတ်ဆိုးနေသလား"

"ဆိုးတာပေါ့. . . ကိုညိုလုပ်ပုံ ဘာကောင်းသလဲ. . . ကိုညိုပဲ စဉ်းစားကြည့်ပါဦး။ အပျိုအရွယ် မိန်းကလေးတစ်ယောက်ကို လက်တွဲပြီး ညကြီးမှာ လမ်းလျှောက်တယ်ရယ်လို့. . ."

ရုတ်တရက်သော် ကျွန်ုပ်နှင့် နှင်းနုတို့အပေါ်တွင် ဤမျှအထင်အမြင်သေးရက်လေခြင်းဟု တွေးကာ ထောင်းကနဲဒေါသထွက်မိခဲ့၏။ မျက်မမြင်မိန်းကလေးတစ်ယောက်အပေါ်တွင် ဤမျှ ရက်စက်နိုင်ခြင်းကိုလည်း ကျွန်ုပ်မှာ စိတ်ပျက်ရွံရှာမိ၏။ ထို့ထက်ပိုမို၍ စိတ်မချမ်းမသာ ဖြစ်မိသည့်အချက်ကား နှင်းနုကလေးသည် ဘယ်အချိန်က ကျွန်ုပ်တို့၏ အခန်းဝတွင် ရောက်နေသည်မသိ။ အခန်းဝ၌ ရပ်နေသည်ကို တွေ့ရသောကြောင့်ပင်တည်း။ ကျွန်ုပ်မှာ အပေါက်ဝတွင်





ကျောပေး၍ရပ်နေသောကြောင့် နှင်းနုကလေးကို မမြင်ရသော်လည်း အပေါက်ဝဘက်ကို မျက်နှာလှည့်ထားသူ မခင်တင့်က မြင်နေသောကြောင့် ဆင်ခြင်သင့်ကောင်းပါလျက် မဆင်ခြင်ဘဲ ပြောရက်သည့်အတွက် ကျွန်ုပ်မှာ မျက်လုံးများပင် ပြာသွားပါသည်။ ထိုအခိုက်တွင် နှင်းနုလေး၏ခြေသံကို ကြားရပါသည်။ ကျွန်ုပ်သည် နှင်းနုလေး၏ နောက်သို့ လိုက်သွားကာ သူ၏လက်ဖျားကလေးကို ဆွဲယူပြီးနောက် မျက်လုံးဆီသို့ စမ်းစေကာ. . .

"အနှင်းလေး. . . အစ်ကိုကြီး မငိုဘူးနော်. . . မငိုဘူး. . . သေသေချာချာစမ်းကြည့်ပါ" ဟု ပြောမိလေသည်။

ဤတွင် နှင်းနုသည် ကျွန်ုပ်၏မျက်နှာပေါ်မှ သူ၏လက်ကို ခွာလိုက်ပြီး "ဒီတစ်ခါတော့ အနှင်းက ငိုရမှာပါ" ဟု ပြောလေသည်။ ချက်ချင်းလိုလိုပင် ပုလဲနှစ်နှင့်တူစွာသော မျက်ရည်ဖြူညစ်ညစ်တို့သည် နှင်းနု၏ပါးပြင်ပေါ်သို့ စီးကျလာလေတော့သည်။

\+ + + + +

တင့်တင့်စိတ်ချမ်းသာရန်အတွက် ကျွန်ုပ်တတ်နိုင်သောနည်းကား တစ်ခုတည်းသာ ရှိ၏။ ထိုနည်းမှာ သူစိတ်မချမ်းမသာဖြစ်မည့်အချက်များကို ရှောင်ကြဉ်ခြင်းဖြစ်၏။ အမှန်မှာ ချစ်ခြင်းမေတ္တာဟူသည် မိမိကြည်ဖြူသူ ကြင်နာသူက မိမိ စိတ်မချမ်းသာဖွယ်ရာကို ပြုပြု၊ စိတ်ချမ်းသာဖွယ်ရာကိုပဲ ပြုပြု၊ လျစ်လျူရှုရမည် မဟုတ်ပါလော။ ၎င်းအတွက်ကြောင့် ရင်နာရလည်း နာနေသည့်ရင်ကို လက်ဝါးချင်းပွတ်၍ ကြပ်ပူတိုက်ရုံပင် မဟုတ်ပါလော. . . ၎င်းအတွက်ကြောင့် စိတ်ချမ်းသာရလည်း. . . ဪ. . . ၎င်းကလေးကြောင့် ပျော်ရပေ

Myanmar eBook

သည်။ ချမ်းသာစွ. . . ချမ်းသာစွဟု ရင့်ကျူးရန်ပင် မဟုတ်ပါလော။

ယခုမူ တင့်တင့်၏ တင်းပြည့်ကျပ်ပြည့် မရှိလှသော အချစ်သည် ကျွန်ုပ်၏ဘဝအား ကျဉ်းမြောင်းစေခဲ့လေပြီ။ ထိုအဖြစ်ကို တင့်တင့်က သိချင်မှ သိပေမည်။ သိဟန်လည်း မတူပါ။ ဤနေရာတွင် စကားအလျဉ်းသင့်၍ တင့်တင့်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ရပုံကို ရေးရပေဦးမည်။

မခင်တင့်နှင့်ကျွန်ုပ် စတင်၍ တွေ့ဖူးခဲ့သည်မှာ ကျွန်ုပ် ဆယ်တန်းစာမေးပွဲဖြေပြီးသည့်အခါက ဖြစ်လေသည်။ ထိုစဉ်က ကျွန်ုပ်နေသော အိမ်၌ ဘုရားကိုးဆူဆွမ်းကျွေးရာတွင် လာကြသောဧည့်သည် မိန်းမပျိုများအထဲတွင် မခင်တင့်သည် ရောနှော၍ ပါခဲ့လေသည်။ သို့သော် ထိုစဉ်က သူသည် အခြားသူများကဲ့သို့ ဧည့်သည်ပီပီ မနေဘဲ ကျွန်ုပ်၏ဦးလေးများ အဒေါ်များနှင့်အတူ ရောရောနှောနှော လုပ်ကိုင်ဧည့်ခံသဖြင့် သူ့ကို သတိထားမိလိုက်ပါသည်။

ကျွန်ုပ်မှာ ငယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်ခဲ့သဖြင့် ဦးလေးနှင့်အဒေါ်တို့က ကျွေးမွေးထားကြလေသည်။ ဦးလေးသည် ကျွန်ုပ်မွေးဇာတိရွာ (နှင်းနုလေးတို့၏ရွာ)နှင့် မလှမ်းမကမ်းတွင်ရှိ မြို့ကလေး တစ်မြို့တွင် နေပေရာ ကျွန်ုပ်သည် ကျောင်းပိတ်ရက်ရောက်တိုင်း မွေးဇာတိရွာကလေးသို့ ပြန်လေ့ရှိပေသည်။ (ထို့ကြောင့်လည်း နှင်းနုလေး၏ဖခင်နှင့် ခင်မင်ရင်းနှီးခဲ့ရပေသည်) ထိုကျောင်းပိတ်ရက်ကမူ ကျွန်ုပ်၏ဦးလေးများက 'ဆွမ်းကျွေးပြီးမှ ပြန်ပါ' ဟုဆိုသောကြောင့် ဆွမ်းကျွေးပြီးအောင် စောင့်နေခဲ့ရလေသည်။

ကျွန်ုပ် ဆယ်တန်းစာမေးပွဲအောင်ပြီးနောက်တွင် မခင်တင့်တို့ သားအမိအိမ်သို့ မကြာမကြာ အလည်လာကြပါသည်။ ကျွန်ုပ်မှာ ငယ်စဉ်ကပင် မိဘမဲ့ကလေးဘဝဖြင့် နေခဲ့ရသောကြောင့် အစစ





အရာရာ မျက်နှာငယ်ငယ်နှင့် နေခဲ့ရပေသည်။ ကိုယ့်ကိုယ်ကို သတ်၍သောရန်လည်း ကြံစည်ခဲ့ဖူး၏။ ရဟန်းဝတ်ရန်လည်း ကြံစည်ခဲ့ဖူး၏။ အိမ်ထောင်ပြုရန်ကား အိပ်မက်မျှပင် မမက်ခဲ့။ တစ်ခါတစ်ရံ မိန်းမချော မိန်းမလှကလေးများကို တွေ့၍ ချစ်ခင်စိတ်များ ပေါ်ပေါက်ခဲ့သော်လည်း အိမ်ထောင်သည်ဘဝအဖြစ် ကြုံတွေ့ရမည့်ဒုက္ခများကို ကြောက်ရွံ့သဖြင့် ရှောင်ရှားခဲ့ရ၏။ မိမိကိုယ်ကိုလည်း မိန်းကလေးများက ပြန်လည်ချစ်ခင်ကြလိမ့်မည်ဟူ၍ မထင်မိခဲ့ပါ။

စာအုပ်ဖြင့်သာ မွေ့လျော်ကာ တရားစာများကို လေ့လာဆည်းပူးခဲ့သောကြောင့်လည်း မိန်းမများကို ဆက်ဆံကောင်းသည့်အရာဟူ၍ သဘောမထားနိုင်ခဲ့ပါ။

ထိုစဉ်က မခင်တင့်တို့ ကျွန်ုပ်၏အိမ်သို့ ဝင်ထွက်နေသော်လည်း ရင်းရင်းနှီးနှီး စကားမပြောစဖူးခဲ့။ ဆရာဖြစ်စာမေးပွဲ အောင်၍ ကျောင်းဆရာအလုပ်ကို လက်ခံပြီး နောက်တစ်နှစ်တွင် ဒေါ်ဒေါ်က အိမ်ထောင်ပြုရန် စကားစလာလေသည်။ သတို့သမီးကား မခင်တင့်ဖြစ်လေသည်။ ကျွန်ုပ်မှာ ဦးလေးနှင့်ဒေါ်ဒေါ်တို့ကို ငယ်စဉ်က ကြောက်ရွံ့ရိုသေရသူဖြစ်ရာ ငြင်းဆန်ခြင်းငှာ မတတ်နိုင်ခဲ့ပါ။

"ဒေါ်ဒေါ်တို့သဘောပါပဲ. . . ဒေါ်ဒေါ်တို့က ကောင်းတယ်ထင်ရင် ကျွန်တော် မငြင်းပါဘူး. . . ကျွန်တော့်သဘောကတော့ လူပျိုကြီးဘဝနဲ့ပဲ အရိုးထုပ်ချင်တာပါ"

"လူပျိုကြီးဘဝဆိုတာ ငယ်ငယ်တော့ ကောင်းပါတယ်. . . အသက်ကြီးမှ ခက်တတ်တယ်ကွဲ့. . . လူဆိုတာ အိုမင်းမစွမ်းအချိန်မှာ ကူဖော်လောင်ဖက်မရှိရင် ဒုက္ခများတယ်. . . ဒါကြောင့် အရွယ်ရှိတုန်း စီစဉ်ထားရတယ်ကွဲ့"

ကျွန်ုပ်ကား မည်သို့မျှ မငြင်းသာခဲ့ပါ။

သို့နှင့်ပင် ကျွန်ုပ်နှင့်မခင်တင့်တို့ လက်ထပ်ခဲ့ကြ၏။ လင်မယား ဘဝ ရောက်ခဲ့ကြ၏။ သမီးသားတို့ ထွန်းကားခဲ့၏။ ယခုဆိုလျှင် သားအကြီးမှာ ရန်ကုန်တက္ကသိုလ်တွင် ပထမဥပစာတန်း၌ ပညာ ဆည်းပူး၍နေချေပြီ။

သားရယ် မယားရယ်ဟူ၍ ဖြစ်လာပြန်တော့လည်း ချစ်ရ၏။ ခင်ရ၏။ ကြင်နာရ၏။ သို့သော်. . . မခင်တင့်ကား ကျွန်ုပ်၏ချစ် မေတ္တာကို အခွင့်ကောင်းယူကာ စိုးမိုးလာ၏။ ဥပဒေတွေ အမျိုးမျိုး ထုတ်လာ၏။ "မင်းမိန်းမတို့ မာနမည်သည်၊ မိမိဆီ၌၊ ချစ်ရည်စွန်းငြိ၊ ကြင်မှန်းသိက၊ ပြည်ကြီးသနင်း၊ စကြာမင်းလျှင်၊ အိမ်တွင်းကျွန်သွင်၊ အမှတ်ထင်၏. . ."

ကျွန်ုပ်မှာ ထိုသဘောတွေကို သိလျက်နှင့် နေခဲ့၏။ အို. . . ဘဝ အကျိုးပေးပေါ့လေ. . . ဟု ဖြေခဲ့၏။ ကြာသော်. . . အိမ်ထောင်၏ သာယာမှုမှာ အစရှာ၍ မရလာခဲ့။ အိမ်ထောင်သည်တစ်ဦးက ကိုယ့် အိမ်ထောင်ကိုမှ မသာယာဟု တွေးထင်လာသည်တူဆိုလျှင် "လူ့ဘဝ ဆိုသည်မှာ သာယာလှပေ၏" ဆိုသောအချက်ကို သံသယဖြစ်လာ၏။ သို့ရာတွင် ကျွန်ုပ်မှာ လူ့ဘဝကိုလည်း စွန့်ခွာနိုင်သူ မဟုတ်။ လောကီ အငွေ့များကိုလည်း ငြီးငွေ့သူ မဟုတ်ရကား။ လူ့ဘဝ၏ တွယ်တာ ဖွယ်ရာကို ရှာမိ၏။ ရေနစ်သူကဲ့သို့ပင် တွယ်စရာ ကပ်စရာကို ရှာ၏။

ဤတွင်. . . ကျွန်ုပ်၏ဘဝကသိုက်ဝန်းကျင်အတွင်းသို့ နှင်းနု ကလေး ရောက်လာ၏။ သည်တော့မှ လေလွင့်သောစိတ် အားငယ် စိတ်တို့ ပျောက်လွင့်ခဲ့လေသည်။

ထို့ကြောင့်လည်း နှင်းနုကလေးအား ခင်မင်ခြင်းကြီးစွာဖြင့် ခင်





မင်ခဲ့ရ၏။ တွယ်တာခြင်းကြီးစွာဖြင့် တွယ်တာခဲ့ရ၏။ မည်သူက မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်မှာ နှင်းနုကလေးကို ယုယခဲ့ပါသည်။ ပြုစုစောင့်ရှောက်ခဲ့ပါသည်။

နှင်းနုကလေးအား ပွဲမှ တစ်ယောက်တည်း ပြန်ခေါ်လာခဲ့မိသဖြင့် မခင်တင့်သည် ကျွန်ုပ်အပေါ်တွင် အခဲမကျေဘဲဖြစ်၍နေသည်ကို သိရသည်မှစ၍ ကျွန်ုပ်သည် နှင်းနုကလေးအား တစ်အိမ်အိမ်တွင် ထားရန် စီစဉ်ရပြန်လေသည်။ နှင်းနုနှင့် မခင်တင့်တို့အား တစ်အိမ် တည်းတွင် ဆက်လက်၍ ထားပါက တစ်အိမ်လုံး စိတ်မချမ်းမသာ ဖြစ်လာမည်ကို ကျွန်ုပ်သည် လွန်စွာစိုးရိမ်ခဲ့လေသည်။

ကံအားလျော်စွာ နှင်းနုကလေးအား ထားစရာ အိမ်တစ်အိမ် တွေ့ခဲ့လေသည်။ ထိုအိမ်မှာ ကျွန်ုပ်၏ တပည့်မလေးတစ်ဦးနှင့် သူ၏ မိခင်အိုတို့ နေထိုင်သောအိမ် ဖြစ်၏။ ကျွန်ုပ်က နှင်းနုအား ရန်ကုန်သို့ မခေါ်သွားမီအတွင်း စားသောက်သည့်စရိတ် ကုန်ကျသမျှကို ပေးပါ မည်ဟူသော နားလည်မှုဖြင့် ထားရလေသည်။ ဤသို့ စီစဉ်လိုက်ခြင်း ကြောင့် ကျွန်ုပ်မှာ နှင်းနုကလေးအား ယုယုယယ ပြုစုခြင်းအတွက် မည်သူ့ကိုမျှ မျက်နှာပူဖွယ်ရာအကြောင်းအပေါ်ပေ။ မခင်တင့်၏ ပြူစူဆူပူခြင်းတို့မှာလည်း ကြာသောအခါ ရိုးလာလေတော့သည်။

နှင်းနုအဖို့၌လည်း ကျွန်ုပ်ပို့ထားသောနေရာ၌ စိတ်ချမ်းသာ လျက် ရှိ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်၏တပည့်မ၏ မိဘတို့မှာ သဘင်သည်များ ဖြစ်ကြသဖြင့် သူတို့အိမ်တွင် ဝါးပတ္တလား ရှိနေ၏။ သားအမိသုံးယောက်စလုံး ဝါးပတ္တလား တီးတတ်သူများဖြစ်၏။ ဖခင်ဖြစ်သူ ကွယ်လွန်ခဲ့သဖြင့် သဘင်အလုပ်ကို စွန့်လွှတ်ကာ ဈေး ရောင်း၍ စားသောက်ကြသော်လည်း ဝါးပတ္တလားကိုမူ ရောင်းမပစ်

www.foreverspace.com.mm



ရက်ဘဲ အိမ်တွင်ထားကာ အပျင်းပြေ တီးတတ်ကြ၏။ နှင်းနုလေး ရောက်သွားသောအခါ ကျွန်ုပ်၏တပည့်မက ပတ္တလားတီး သင်ပေးလေသည်။

ကျွန်ုပ်ကား ဂီတကို လွန်စွာနှစ်သက်မြတ်နိုးသူတစ်ယောက် ဖြစ်သော်လည်း ဂီတနှင့်ပတ်သက်၍ ဘာမျှနားလည်သူ မဟုတ်ပေ။ တစ်ခါတစ်ရံ ကျွန်ုပ်သည် နှင်းနုလေးကို ပို့ထားသည့်အိမ်သို့သွားကာ ပတ္တလားတီးနေသော နှင်းနုလေး၏ဘေးတွင် ဝင်မိသောအခါ "နှင်းသိပ်ပျော်တာပဲ. . . အစ်ကိုကြီးရယ်. . . အစ်ကိုကြီးကို သတိရတဲ့အခါ ဟောဒီပတ္တလားကို ခုလို စမ်းစမ်းခေါက်နေရရင် သိပ်စိတ်ပျော်တာပဲ. . ." ဟု ပြောပါသည်။ ထိုနောက် သူတတ်ထားသမျှ တီးကွက်များကို တီးပြရှာလေသည်။

ထိုအတွင်း ကျွန်ုပ်၏သားကြီးအပါသည် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်နေရာမှ ပြန်လာလေသည်။ အပါသည် အိမ်၌ နှင်းနုလေး ရောက်နေကြောင်းကို ရန်ကုန်တွင် နေစဉ်ကပင် သိနေခဲ့၏။ ကျွန်ုပ်နှင့်အတူ နှင်းနုကလေးတို့နေသောရွာသို့ အတူလိုက်ခဲ့ဖူးသောကြောင့် လည်း နှင်းနုကလေးကို မြင်ဖူးသိဖူးသူ ဖြစ်သည်။

အိမ်သို့ရောက်လျှင်ရောက်ချင်း အပါမေးသောမေးခွန်းကား "နှင်းနုလေးရော ဖေဖေ. . . နှင်းနု ဘယ်မှာလဲ. . ." ဟူသတည်း။

ကျွန်ုပ်က အကျိုးအကြောင်းပြောပြတော့မှ "ကောင်းပါတယ် ဖေဖေရာ ဒီအိမ်ဆိုရင်လဲ လူကများတယ် မဟုတ်လား. . . ဒါကြောင့်မို့ ကျွန်တော်တောင်မှ ရန်ကုန်မှာတုန်းက နှင်းနုကလေးရောက်နေတယ်ဆိုတော့ 'အင်း. . . ဘယ်လိုများ လုပ်နေကြပါလိမ့်. . .' လို့တောင် တွေးမိသေးတယ်. . ." ဟု ပြောကာ နှင်းနု၏အကြောင်း





စကားမဆက်တော့ချေ။

သို့နေခဲ့ရာမှ ခုနစ်ရက်ခန့်ကြာခဲ့လေသည်။ ထိုနေ့ညနေဘက် ထမင်းစားပြီးနောက် လမ်းလျှောက်ထွက်ရင်း နှင်းနုရှိရာသို့ ဝင်ခဲ့ရာတွင် ဘယ်အချိန်က ရောက်နေသည်မသိရသော အပါကို တွေ့ရသဖြင့် လွန်စွာအံ့သြမိလေသည်။ နှင်းနုက ပတ္တလားကို တီးကာ မောင်ရွှေပါက ဘေးတွင်ထိုင်ကာ နားထောင်နေသောကြောင့် ကျွန်ုပ်ဝင်လာသည်ကို မသိကြပေ။ ကျွန်ုပ်အိမ်ထဲသို့ ရောက်သည့်တိုင်အောင် သူတို့တတွေသည် မသိကြ။ ကျွန်ုပ်သည် သူတို့မသိအောင် တမင်တကာဝင်လာခြင်းမဟုတ်။ ဖြည်းညင်းစွာ သွားလာတတ်သည့် ဝါသနာအတိုင်း ဖြည်းဖြည်းဝင်ခဲ့ခြင်းဖြစ်ပေသည်။

အပါသည် နှင်းနုအား စကားပြောနေသည်ကို ကျွန်ုပ်သည် တစ်ခါမျှ မမြင်ဖူးခဲ့သဖြင့် ယခုကဲ့သို့ ရင်းရင်းနှီးနှီး တီးမှုတ်ပြနေသည်ကို မြင်ရသောအခါ လွန်စွာအံ့သြရခြင်းဖြစ်၏။ "သူတို့တတွေ ဘယ်တုန်းကများ သိနေကြပါလိမ့်" ဟုလည်း တွေးမိလေသည်။

အပါသည် ဘေးနားက ကြည့်နေရုံမျှမကသေးဘဲ နှင်းနု၏လက်ကို ဆွဲကိုင်ကာ ခေါက်ပြနေပြန်လေသည်။ အပါသည် ရန်ကုန်၌ စန္ဒယားသင်နေကြောင်းကို ကျွန်ုပ် သဲ့သဲ့ကြားဖူးခဲ့၏။ ယခုအခါတွင် ထိုအချက်မှာ ဒင်းတို့နှစ်ယောက်၏ ခင်မင်ရင်းနှီးမှုတွင် အရေးပါနေသည်ကို တွေ့ရလေပြီ။ နှင်းနုကလည်း အပါ၏သင်ပြခြင်းကို ရဲရဲတင်းတင်းပင် လိုက်လေ့ကျင့်နေပြန်ရာ ဒင်းတို့နှစ်ယောက်မှာ ဟိုယခင် ကျောင်းပိတ်ရက်များက နှင်းနုတို့ရွာသို့ အသွားတွင် ကျွန်ုပ်နှင့်အတူ အပါ လိုက်လာစဉ်က ခင်မင်ရင်းနှီးခဲ့ကြလေသလောဟု တွေးတောမိပြန်၏။ အမှန်မှာ ထိုစဉ်က နှင်းနုသည် တစ်နေ့လုံးနေ၍

စကားတစ်ခွန်းပြောသည်ကိုမျှ မတွေ့ခဲ့သဖြင့် ထိုစဉ်ကတည်းက အပါနှင့်နှင်းနုတို့ ရင်းနှီးဖွယ်ရာ အကြောင်း မရှိနိုင်ပေ။

ထိုအချိန်က အဘယ့်ကြောင့်ဟူ၍မသိရ၊ ဆိုးရွားရိုင်းပြသော စိတ်သည် ဝင်၍လာလေသည်။ ၎င်းတို့နှစ်ယောက်ကို နှောင့်ယှက်ချင်လာသဖြင့် ချောင်းတစ်ချက် ဟန့်လိုက်လေသည်။

"ဟော ဖေဖေတောင် လာနေပါရောလား"

အပါသည် ရိုသေသမှုကို ပြသောအားဖြင့် နှင်းနုအပါးမှ ခွာလိုက်လေသည်။ ကျွန်ုပ်သည် မည်သို့မျှ စကားမဆက်နိုင်ဘဲ ငိုင်၍သာ နေမိ၏။ တိတ်ဆိတ်၍သာ နေမိ၏။ သားတော်မောင်ကသာ နှင်းနုသည် နောက်တစ်နှစ်ခန့် ဤအတိုင်းသာ ဆက်လက်ကျင့်သွားပါက တိုးတက်လာဖွယ်ရာရှိကြောင်း နှင်းနု၌အနုပညာပါရမီရှိကြောင်းများကို ဖောင်ကာဝေအောင် ပြောနေလေသည်။

နှင်းနုကလည်း ရွှင်လန်းစွာပင် "အနှင်းက တစ်နေ့တစ်နေ့ ဒီအလုပ်ပဲ လုပ်နေရတာကိုး ကိုပါရဲ့... ဒီတော့ ဒီလောက်တော့ ဖြစ်မှာပေါ့... ဒါဟာ ပါရမီနဲ့ မဆိုင်ပါဘူး။ အကျင့်ပါ... အလေ့အကျင့်ပါ... အလေ့အကျင့်ပါ" ဟု ပြောရှာပါသည်။ ထိုအခိုက် ကျွန်ုပ်၏တပည့်မသားအမိ ရောက်လာကာ ဧည့်ခံတော့မှ ကျွန်ုပ်မှာ စိတ်ထဲတွင် သက်သာသွားလေသည်။

နှင်းနုကလေးနေသည့်အိမ်မှ ကျွန်ုပ်တို့သားအဖ ထွက်လာသောအခါ၌ကား အပြင်ဘက်တွင် လရောင်ဖြင့် လင်း၍နေလေသည်။ လရောင်အောက်တွင် အတူလျှောက်၍ လာကြရင်းက စကားပြောရန် ကြံမိ၏။ သို့သော် စကားပြော၍မရနိုင်ဘဲ နှလုံးသွေးတို့သာလျှင် တဒိတ်ဒိတ်ခုန်နေခဲ့လေသည်။ ပြောမည်ပြောမည် တွေးရင်းကပင်





အိမ်သို့ရောက်ကာ အသီးသီး အိပ်ရာသို့ ဝင်ခဲ့ကြသော်လည်း စကားကား တစ်ခွန်းမျှ မပြောနိုင်ခဲ့ပေ။

ဤနှစ် နွေရာသီကျောင်းပိတ်ရက်သည် ကျွန်ုပ်၏သားတော်မောင် အပါအတွက် ကြည်နူးဖွယ်ရာကောင်းသလောက် ကျွန်ုပ်အဖို့ကား စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံခဲ့ရလေသည်။ အခါတိုင်းဆိုပါက ကျွန်ုပ်သည် အိမ်တွင် စိတ်ရှုပ်တိုင်း မွေးဇာတိဌာနေသို့ ပြန်ကာ ဆွေမျိုးများနှင့်သော်လည်းကောင်း နှင်းနုလေးတို့ သားအမိနှင့်သော်လည်းကောင်း ပျော်ရွှင်ကြည်နူးစွာ နေခဲ့ရ၏။ ယခုနှစ်တွင်ကား နှင်းနုလေးမှာ ကျွန်ုပ်တို့မြို့တွင် ရောက်နေသောကြောင့် ယခင်ကကဲ့သို့ သွားလည်ရန် မလိုသော်လည်း ကျွန်ုပ်မှာ ပြုံးရွှင်လှစွာသော ဇနီးသည်နှင့် အတူနေရသည့်ဒုက္ခ၊ ကျွန်ုပ် ယုယမြတ်နိုးသူကလေးအား ကျွန်ုပ်၏သားတော်မောင်က အရေးတယူပြုစုနေသည်ကို တွေ့ရသဖြင့် စိတ်မချမ်းသာရသည့်ဒုက္ခ စသည်တို့ကို ခံစားနေရလေတော့သည်။

သားတော်မောင်အပါသည် နေ့တိုင်းလိုလိုပင် နှင်းနုရှိရာသို့ သွားကာ သူသင်ကြားခဲ့ရသော သီချင်းများကို ပြန်လည်၍ပြသနေခဲ့လေသည်။ ကျွန်ုပ်မှာမူ ၎င်းတို့နှစ်ယောက် ရင်းရင်းနှီးနှီးနေကြသည်ကို မြင်ရတိုင်း ရင်ထဲတွင် နင့်ကနဲဖြစ်ခဲ့မိလေသည်။

သို့နေခဲ့ရာမှ တစ်နေ့တွင် အပါ့ထံသို့ စာတစ်စောင် ရောက်လာလေသည်။ ထိုစာမှာ သင်္ကြန်ရက်အတွင်း၌ မန္တလေးသို့ အတူသွားကြရန် သူ၏မိတ်ဆွေတစ်ယောက်က ဖိတ်ခေါ်သောစာဖြစ်ကြောင်း အပါက ပြောပြပါသည်။ ကျွန်ုပ်က ချက်ကောင်းယူကာ...

"ဘာလဲ... မင်းက သွားချင်လို့လား" ဟု မေးမိပါသည်။

“မသွားချင်ပါဘူး ဖေဖေရာ . . . ဒီအချိန် မန္တလေးသွားလို့ ပူတပူသနဲ့ . . . သကြိန်တွင်း သုံးလေးရက် ပျော်ရမှာနဲ့တော့ မသွားချင်ပါဘူး ဖေဖေရယ် . . .”

“ဒါဖြင့် မင်းက ဒီကျောင်းပိတ်ရက်အတွင်းမှာ ဘာလုပ်ဖို့များ စိတ်ကူးနေသတုန်း . . .”

“စာအုပ်တွေ ဖတ်နေမယ်လို့ စိတ်ကူးထားပါတယ်”

“အေးပေါ့လေ . . . ကျောင်းပိတ်ရက်မှာ ဗဟုသုတဖြစ်မယ့် စာအုပ်တွေ ဖတ်နေမယ်ဆိုရင် အင်မတန်ကောင်းတာပေါ့ကွာ . . . အဲဒါထက် ပတ္တလားလေးဘာလေး အတီးသင်တာက သာပြီးကောင်းပါသေးတယ် . . .”

အဘယ်ကြောင့် ကျွန်ုပ်၏စကားသည် ကျွန်ုပ်၏နှုတ်ခမ်းဖျားမှ လွှတ်ခနဲ ထွက်လာသည်ကို စဉ်းစား၍မရနိုင်ခဲ့ပါ။ သို့သော် ထိုစကားလုံးများ ကျွန်ုပ်၏နှုတ်ဖျားမှ ထွက်သွားပြီးသည့်အဆုံးတွင်မူ ကျွန်ုပ်၏စကားကြောင့် အပါသည် ထိတ်ထိတ်ပြာပြာ ဖြစ်သွားပေလိမ့်မည်ဟု တွေးမိပါသည်။ တုန်တုန်ရီရီနှင့် ကရောင်ချောက်ချားဖြစ်သွားလိမ့်မည်ဟုလည်း ထင်မိပါသည်။

“အို . . . ဖေဖေကလဲ ဒီလို မတရားမစွပ်စွဲပါနဲ့လေ . . . ကျွန်တော် ဖေဖေ့ကို ဘာမှ ဖုံးကွယ်စရာမလိုပါဘူး ဖေဖေ . . . ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီး ဖေဖေ့ကို ပြောပြဖို့ စိတ်ကူးနေတာကြာပါပြီ”

အပါက အလွတ်ကျက်ထားသည့်စာကို ပြန်ရွတ်၍ပြသကဲ့သို့ အထစ်အငေါ့မရှိဘဲ ပြောချလိုက်လေသည်။ သူ၏ပြောပုံဆိုပုံမှာ ကျွန်ုပ်ထက်ငယ်သူတစ်ယောက်က ပြောနေပုံနှင့်မတူဘဲ ကျွန်ုပ်ထက် အသက်ကြီးသူတစ်ဦးက ပြောနေသည်နှင့် တူလှပေသည်။ သူသည်





စကားကို ဆက်၍ပြောရန် ဟန်ပြင်သည့်အနေဖြင့် လက်ကိုမြှောက်လိုက်ရာ ကျွန်ုပ်က သည်းခံ၍စောင့်ဆိုင်းမနေနိုင်တော့ဘဲ သူ၏လက်ကို ဆွဲကာ . . .

“ဒီမှာ ဖေဖေပြောတာက မင်းဟာ ကလေးမလေးစိတ်ညစ်အောင် လုပ်မှာကို ငါမကြည့်နိုင်ဘူး။ မင်းဟာ နှင်းနုလေးကို စိတ်ကောင်းစေတနာကောင်းနဲ့ ဆက်ဆံတာပါဆိုတာကိုလဲ ငါမယုံနိုင်ဘူး။ ဒီတော့ မင်းဘာမှစကားများမနေနဲ့။ နှင်းနုကလေး တစ်ခုခုဖြစ်သွားရင် ငါ့မှာတာဝန်ရှိတယ်။ သူ့ခမြာ သူများတကာလို သန်သန်မာမာလူနဲ့ သူနဲ့ တူတာ မဟုတ်ဘူး။ ဒီတော့ မင်းသူ့ကို စိတ်အနှောင့်အယှက် ဘာမှမလုပ်ပါနဲ့”

“ကျွန်တော် ဘာမှမလုပ်ဘူး ဖေဖေ။ ကျွန်တော် နှင်းနုကလေး အပေါ်မှာ ဖေဖေမြတ်နိုးသလိုပဲ မြတ်နိုးပါတယ်။ ဖေဖေ ချစ်သလိုပဲ ချစ်ပါတယ်။ ဖေဖေ ကျွန်တော့်ကို အခုလို စွပ်စွဲရင် မှားပါလိမ့်မယ်။ အမှန်ပြောရရင်တော့ ကျွန်တော် သူ့ကို မြင်မြင်ချင်း သနားတယ်။ သနားရာက ချစ်လာတယ်။ ဒါပေမဲ့ အဲဒီအချစ်ဟာ သူ့ကို စိတ်ဒုက္ခပေးလောက်အောင်တော့ မဖြစ်သေးပါဘူး။ ကျွန်တော့်စိတ်ထဲမှာ နှင်းနု စိတ်ချမ်းသာတာကိုပဲ ကြည့်ချင်ပါတယ်။ သူ့မျက်စိ ကောင်းလာရင်တော့ ကျွန်တော် သူ့ကို ယူချင်ယူမယ်။ ဒါပေမဲ့ အခုနေအခါမှာတော့ သူက ယူချင်တယ်ဆိုရင်တောင် မယူပါဘူး ဖေဖေ။ သူ့ကို ယူချင်တဲ့အခါကျလာတော့ ဖေဖေ့ကို ကျွန်တော် ပြောပါ့မယ်။ ဖေဖေ့ကို ပြောပြီးမှ ယူမှာပါ။ အဲဒါ ကျွန်တော့်စိတ်ရင်းအတိုင်းပဲ။ ကျွန်တော့်ဝမ်းထဲမှာ ရှိတဲ့အတိုင်း ပြောတာပါ”

အပါ၏စကားကြောင့် ကျွန်ုပ်မှာ တုန်လှုပ်သွားမိလေသည်။

www.foreverspace.com.mm

အပါသည် ကျွန်ုပ်အား အလဲထိုးလိုက်လေပြီ။ ငါ့စကားနွားရ ပြောမိသော ကျွန်ုပ်၏စကားလုံးများသည် အရှိန်ပြင်းထန်လှသော သူ၏စကားလုံးများအောက်တွင် လွင့်စင်ပျောက်ကွယ်သွားကြလေသည်။ နောက်ထပ် စကားဆက်ရန်ကိုပင် ကျွန်ုပ်မှာ ခက်နေခဲ့လေသည်။

"အေးလေ. . . ဒါဖြင့်လဲ ပြီးရော. . . နောက်မှ မင်းကို ပြောရဦးမယ်။ ကဲ. . . သွားချင်ရာ သွားပေတော့. . ."

"ဒါပေမဲ့ ဖေဖေ. . . ကျွန်တော့်ကို စိတ်မဆိုးဘူးဆိုတာကိုတော့ ပြောပါဦး. . ."

"မဆိုးပါဘူးကွာ. . . သွားပါ. . ."

\+ \+ \+ \+ \+

နောက်တစ်ကြိမ် ထပ်မံ၍ အပါနှင့်တွေ့ကြရသောအခါ သားအဖချင်း တွေ့ရသည်နှင့်မတူဘဲ တစိမ်းတရံစံတစ်ယောက်ကို တွေ့နေရသကဲ့သို့ စိတ်ထဲတွင် ခံစားမိလေသည်။ ကျွန်ုပ်၏သားကား ကျွန်ုပ်ထင်နေသကဲ့သို့ ကလေးလေး မဟုတ်တော့။ လူတစ်လုံးသူတစ်လုံးဖြစ်၍နေချေပြီ။ သူနှင့် စကားအချေအတင်ပြောပြီးသည့်အချိန်မှစ၍ ကျွန်ုပ်သည် "အို. . . ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ပဲ" ဟု တွေးကာ ဖြေခဲ့ပါ၏။ သို့ရာတွင် တင်းရင်းဖြေရင်းကပင် အပါအား နှင်းနုနှင့် လက်မထပ်ရန် ပြောမည်ဟု ဆုံးဖြတ်မိခဲ့လေသည်။

ထို့ကြောင့် ထိုနေ့က တွေ့လျှင်တွေ့ချင်း အိမ်ဘေးရှိ ခြံတွင်းသို့ခေါ်သွားကာ "ဒါထက် မင်းအခုလို နှင်းနုကို ကြိုက်နေကြောင်း နှင်းနုကို ပြောပြီးပလား" ဟု မေးမိလေသည်။





www.foreverspace.com.mm

"ပြောတော့ မပြောရသေးပါဘူး။ ဒါပေမဲ့ သူကတော့ သိနေပုံရပါတယ်. . ."

"အင်း. . . ကောင်းပါလေရဲ့ကွာ. . . ဒါဖြင့် မင်း ဖေဖေ့ကို ကတိတစ်ခုပေးပါကွာ. . . သူ့ကို လူပျိုစကား မပြောပါဘူးလို့"

"ကျွန်တော် ကတိပေးပါတယ် ဖေဖေ. . . သူ့ကို ကျွန်တော် လူပျိုစကား မပြောပါဘူး။ ဒါပေမဲ့ ကျွန်တော် ဘာဖြစ်လို့ သူ့ကို လူပျိုစကားမပြောအပ်ဘူးဆိုတာကိုလဲ ပြောပြပါ။ ကျွန်တော် နားထောင်ပါ့မယ်. . ."

ကျွန်ုပ်သည် ရုတ်တရက်သော် အဖြေရခက်သွားလေ၏။ ဤတွင် စိတ်ထဲ၌ တွေးမိသဖြင့် ပေါ်လာသည့်စကားတို့ကို စုရုံးကာ အစီအစဉ်လုပ်မနေတော့ဘဲ ပြောချလိုက်လေ၏။

"အမှန်ကတော့ နှင်းနုဟာ ငယ်သေးတယ်ကွ. . . နောက်ပြီး မမြင်မကန်းနဲ့ ဒုက္ခိတကလေးဖြစ်တဲ့အပြင်. . . သူ့ဘဝဟာ တခြားလူတွေရဲ့ဘဝနဲ့မတူဘူး။ သူ့ကို ကြင်နာယုယတဲ့လူဆိုလို့ သူ့မိဘကလွဲရင် ငါတစ်ယောက်ပဲ ရှိခဲ့တယ်။ မင်းအမေကလဲ ရောက်ခါစတုန်းကတော့ ဂရုစိုက်ပါရဲ့။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ငါ့ကို အရွဲ့တိုက်ပြီး သူ့ကို ဂရုမစိုက်တော့ဘူး။ အခုနေအချိန်မှာ တို့ဟာ သူ့ကိုယ်သူ သတ်မသေချင်အောင် သူ့မျက်စိပြန်လင်းလာပြီး လောကကြီးမှာ ပျော်ပျော်ပါးပါးနေချင်လာအောင် လုပ်ပေးရမယ့်အချိန်ကွ။ အားပေးရမယ့် အချိန်ကွ။ အဲဒီလိုအခါမျိုးမှာ သူ့ကို လက်ထပ်ပါရစေဆိုတဲ့စကားမျိုးကို သွားပြောရင် လန့်ဖြန့်ပြီး ယုံမှာတောင် မဟုတ်ဘူး။ လွယ်လွယ်ပြောရရင် သူ့ဘဝဟာ ဖယောင်းရုပ်ကလေးနဲ့ တူတယ်ကွ။ တို့တတွေဟာ ဖယောင်းရုပ်ကလေးကို ကောက်လာရတဲ့ ဝိဇ္ဇာတွေဆို

www.foreverspace.com.mm

ပါတော့။ တို့အလုပ်က ဖယောင်းရုပ်ကလေးကို အသက်သွင်းပေးရမယ်။ လမ်းမက ကောက်လာတဲ့ ဖယောင်းရုပ်မို့ ပွန်းပဲ့ပျက်စီးနေတာကိုလဲ ပြုပြင်ရမယ်။ ဒီတော့ ကြမ်းကြမ်းကိုင်လို့ မဖြစ်ဘူး။ အေးလွန်းတော့လဲ ကျွတ်ပြီး ပျက်သွားမယ်။ ပူလွန်းတော့လဲ အရည်ပျော်သွားလိမ့်မယ်။ ဒီအတိုင်း အသက်သွင်းလိုက်ရင်လဲ ဖယောင်းရုပ် မလှမပလေး ဖြစ်နေလိမ့်မယ်။ ဒီသဘောပဲ။ နားလည်ပြီမဟုတ်လား လူလေး”

“ဟုတ်ကဲ့. . . နားလည်ပါတယ်. . .”

“ဒီတော့ စိတ်ကောင်းထားပေါ့ သားရယ်. . .”

“စိတ်ကောင်းထားပါ သားရယ်” ဟူသော စကားကြောင့် အပါသည် ငြိမ်ကျသွားလေသည်။ ထိုစကားကား သူငယ်စဉ်ကပင် ကျွန်ုပ်ပြောခဲ့သည့်စကား ဖြစ်လေသည်။ ကျွန်ုပ်သည် ငြိမ်နေသောအပါ့ကို ကြည့်ရင်းက အကယ်၍သာ နှင်းနုကလေးသည် မျက်မမြင်ကလေး မဟုတ်ဘဲ မျက်စိကောင်းသူဖြစ်ပါက အပါ၏ ကိုယ်လုံးကိုယ်ထည် အချိုးကျခြင်း၊ မျက်နှာထား ပြေပြစ်ခြင်း၊ အသားအရေစိုဝင်းခြင်း တို့ကြောင့် မုချချစ်စိတ်ဝင်စားလိမ့်မည်ဟု တွေးမိခဲ့လေသည်။ သေသေချာချာကြည့်တော့မှ ကျွန်ုပ်၏သားမှာ လူချောတစ်ယောက်ဖြစ်ကြောင်း သိလာရလေသည်။ ရဲရင့်သောအကြည့် ဖော်ရွေသောအပြုံးနှင့် ကလေးဆန်သည့်မျက်နှာတို့မှာ မျက်နှာချင်းဆိုမိသူတိုင်းအတွက် ချစ်စရာပင်ဖြစ်နေလေသည်။

“ဒီမှာ လူလေး. . . ဖေဖေ ပြောတာနားထောင်ပါ။ မင်း ဒီနှစ်သင်္ကြန်မှာ မန္တလေးကို သွားဖြစ်အောင် သွားပါ။ အေးအေးဆေးဆေး လည်ပတ်ပေါ့. အခုနေအခါ ပျော်ပျော်နေရမယ့်အချိန်မှာ ပျော်ပျော်ပါးပါးနေပေါ့ကွာ. . .”





www.foreverspace.com.mm

“ဟုတ်ကဲ့. . . ဖေဖေ. . . ကျွန်တော် သွားပါ့မယ်. . .”

ပကတိစင်ကြယ်လှသည့် မျက်နှာကလေးကား ဖြူရော်ရော်ဖြစ်သွားလေတော့သည်။ နှုတ်ခမ်းဖျားတို့မှာလည်း ပြာ၍လာရုံသာမက တဆတ်ဆတ်ပင် တုန်၍နေလေသည်။ ဤတွင် ကျွန်ုပ်၏စိတ်ထဲ၌ ထိုကဲ့သို့ လိုက်လျောလွယ်သူတစ်ဦး၏ အချစ်သည် တော်တော်တန်တန်နှင့် ခိုင်မြဲပြင်းထန်ခြင်း မဖြစ်နိုင်ဟု တွေးမိလေသည်။ ထိုအတွေးသည် ကျွန်ုပ်၏စိတ်အား သက်သာရာရစေလေသည်။

ညဘက်အိပ်ရာသို့ ဝင်သောအခါ ကျွန်ုပ်သည် မခင်တင့်အား အပါ၏အကြောင်းကို ပြောပြမိလေသည်။

“ဘာ. . . အပါက. . . နှင်းနုကို ကြိုက်နေတယ် ဟုတ်လား။ ရှင့်ကို ဘယ်သူက ပြောသလဲ. . . ရှင့်အထင်နဲ့ ပြောတာလား”

“ဟာ. . . ကိုယ့်အထင် မဟုတ်ပါဘူး တင့်တင့်ရာ. . . မင်းသားက ပြောတာခင်ဗျ. . . မင်းရဲ့သားရဲ့ပါးစပ်ကကိုက ပြောတာခင်ဗျ”

“ပြောပစေပေါ့. . . အပါအနေနဲ့ ပြောခွင့်ရှိပါတယ်. . . လူပျိုလေးတစ်ယောက်က အပျိုကလေးတစ်ယောက်ကို ချစ်တယ်။ ကြိုက်တယ်ဆိုတာ အဆန်းမှ မဟုတ်ပါဘဲ. . .”

မခင်တင့်၏လေသံကား. . . အံ့ဩသည့်လေသံမျိုး မဟုတ်ပေ။ ကြားရိုးကြားစဉ်စကားတစ်ခု ကြားနေသည်နှင့် မည်သို့မျှ မခြားနားပေ။

“မင့်သားက တကယ်စွဲနေတာ. . . လက်ထပ်ပြီး ယူမလို့လေ”

“ယူချင်လဲ ယူမှာပေါ့လေ. . .”

မခင်တင့်၏အေးစက်စက်လေသံပင် ဖြစ်လေသည်။

“ဘာလဲကွ. . . မင်းက ငါပြောတာကို မယုံဘူးလား. . .”

ကျွန်ုပ်သည် သည်းမခံနိုင်သဖြင့် ခပ်ဆတ်ဆတ်ပင် မေးလိုက်လေသည်။

"အိုး. . . ဒါကို မယုံဘူးလို့ ဘယ်သူက ပြောလို့တုန်း။ တစ်နေ့ကျရင် ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာကို တင် မြင်ခဲ့သားပဲ။ ဒါမျိုးဆိုတာက ယောက်ျားတွေ မြင်တတ်တာမျိုး မဟုတ်ဘူး. . . မိန်းမတွေသာ မြင်တတ်တာတော်ရှေ့. . ."

"ဒါဖြင့် တင့်တင့် ဘာဖြစ်လို့ မပြောခဲ့သလဲ. . . သတိမပေးခဲ့သလဲ. . ."

"ကျွန်မ သတိပေးပေမယ့် ကိုညိုက အကောင်းမှ မထင်ဘဲ. . . မနာလိုလို့ သဝန်တိုလို့ ပြောတယ်ထင်နေတာ. . . ဒီတော့ ဘယ်မှာ ပြောလို့ နားဝင်ပါ့မလဲ. . ."

အခန်းမီးကို မှိန်မှိန်ကလေးထွန်းထားသဖြင့် မှုန်ရီရီဖြစ်နေသောကြောင့် မခင်တင့်မျက်နှာကို မမြင်ရသော်လည်း မဲ့ပြုံးကလေးပြုံးနေသည်ကိုကား မြင်ယောင်မိပါသည်။

"ဘာပဲဖြစ်ဖြစ်လေ. . . တင့်တင့်စိတ်ထဲမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုယူဆထားတယ်ဆိုတာကိုသာ သိချင်ပါတယ်. . ."

"တင့်ရဲ့စိတ်ထဲမှာ ရှိတာကိုသာ ပြောရရင်တော့ နှင်းနုကလေးကို ဒီမြို့မှာ မထားနဲ့. . . သူနဲ့လဲ ဘာမှ စပ်စပ်ယှက်ယှက် မလုပ်နဲ့။ ဒါပဲပြောချင်ပါတယ်. . ."

ကျွန်ုပ်ရင်ထဲတွင် နင့်ကနဲ ဖြစ်လာမိပါသည်။

"နှင်းနုကလေး ဒီမြို့မှာ ရှိနေတာနဲ့ ငါမေးတာနဲ့ ဘာမှမဆိုင်ပါဘူးကွာ"

"ဆိုင်ပါသော်ကော. . . ကိုညိုရယ်. . . ဆိုင်တာပေါ့. . . ဒီကောင်





မလေးဟာ ငြိုဟ်ဆိုးမလေးပဲ. . . ကြည့်ပလား. . . သူ့လဲမွေးပြီးရော သူ့အဖေ အလုပ်အကိုင်တွေ ပျက်စီးမကဘူး သေတောင်သေခဲ့တယ် မဟုတ်လား. . . ဒင့်ဒဏ်ကို မခံနိုင်လို့ သူ့အမေလဲ သေသွားပြီ. . . သူလဲ မျက်မမြင်ဘဝနဲ့ ကျန်ခဲ့တယ်။ ဟော. . . အခု တင့်တင့်တို့ကပါ သူ့ဒဏ်ကို ခံနေရတယ်. . ."

"ဒီတော့ အပါနဲ့ ပေးစားဖို့ သဘောမတူနိုင်ဘူးပေါ့. . . ဟုတ်လား. . . တိုတိုပဲပြောပါကွာ. . . အပိုတွေ လျှောက်ပြောမနေပါနဲ့တော့. . . ကိုယ်လဲ ဒါပဲကြားချင်တာပဲ. . . ဒီအချက်မှာတော့ တင့်နဲ့ကိုယ်နဲ့ သဘောချင်းတူတယ်. . . အယူအဆချင်းတူတယ်. . ."

ထိုနောက် ကျွန်ုပ်သည် မခင်တင့်အား စိတ်မပူရန် ဆက်လက်ပြောပြပါသည်။

"ဒါကြောင့်မို့ သူတို့နှစ်ယောက် အနေဝေးသွားအောင် အပါကို မန္တလေးသွားဖို့ ပြောတာတောင် အပါကလဲ သွားပါ့မယ်တဲ့. . ."

မခင်တင့်ကား အင်းမလှုပ် အဲမလှုပ် ငြိမ်၍နေလေသည်။

"အမှန်ကတော့ အပါနဲ့ နှင်းနုကို မညားစေချင်ဘူးဆိုတဲ့ ကိုယ့်ရဲ့ သဘောဟာ မင်းထက်တော့ မပိုပါဘူး။ ဒါပေမဲ့ အပါ မန္တလေးက ပြန်လာတဲ့အခါ ဒီမှာ နှင်းနုနဲ့မတွေ့အောင် စီစဉ်မှဖြစ်မယ်. . . ဘယ်လိုလုပ်ရရင်ကောင်းမလဲ တင့်တင့်. . ."

မခင်တင့်ကား တစ်ခွန်းမျှ ပြန်၍မဖြေချေ။ ကျွန်ုပ်သည် မခင်တင့်စကားပြောရန်အတွက် ကြိုးစားအားထုတ်ပါသော်လည်း မခင်တင့်ကား နှုတ်ဖျားတွင် ချိတ်ပိတ်ခံရသူကဲ့သို့ တစ်ခွန်းမျှ မဟခဲ့ပေ။ နောက်ဆုံး ကျွန်ုပ်သည် သူ၏တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်အောင် ဖြစ်လာလေသည်။



www.foreverspace.com.mm

www.foreverspace.com.mm

"အပါဟာ မန္တလေးကို ရောက်ရင်တော့ နှင်းနုကို မုချမေ့မှာပဲ။ သူပြန်လာတဲ့အခါ အချစ်စိတ်ဟာ ပေါ့နေမှာပဲ။ သူတို့အရွယ်ဆိုတာက ဖြစ်လွယ်ပျက်လွယ်မေ့ပျောက်လွယ်တာတွေပါ။ နောက်ပြီး သူတို့ဟာ သူတို့ ဘာဖြစ်နေလို့ ဖြစ်မှန်း သိကြတာ မဟုတ်ပါဘူး. . ."

"ဟုတ်တယ်. . . သူ့ထက်ကြီးတဲ့လူတွေတောင်မှ ကိုယ့်ဟာကိုယ် ဘာဖြစ်လို့ဖြစ်မှန်း မသိပါဘူး. . ."

မခင်တင့်ကား အနှောင့်အယှက် အသွားမလွတ်သောစကားကို မပြောရဘဲ မနေနိုင်အောင် ဖြစ်နေဟန်တူပါသည်။ ကျွန်ုပ်သည် ဆက်လက်၍ မခင်တင့် ဘာကိုဆိုလိုကြောင်း ရှင်းပြရန် ပြောပြပါသည်။ ဤတွင် မခင်တင့်က. . .

"တင့်တင့် ဘာမှ မဆိုလိုပါဘူး. . . လူတွေရဲ့စိတ်သဘောကို ပြောတာပါ. . . ကိုညိုကိုတော့ တင့် ဘာမှမပြောလိုပါဘူး။ ကိုညို ဘာဖြစ်နေတယ်ဆိုတာ သူများတကာက ပြောပါလိမ့်မယ်"

"ကိုယ်က ဘာဖြစ်နေလို့ ဘယ်သူက ဘာလာပြောရမှာလဲ. . . တင့်တင့်. . ."

"အင်း. . . ကိုညိုနဲ့ စကားပြောဖို့ကတော့ ခက်ပါတယ်။ ကိုညိုက ဝိနည်းတတ်တဲ့လူ ကြက်သေသေလို ဖြစ်နေတာကိုး. . ."

"ဒီလိုမပြောပါနဲ့ တင့်တင့်ရာ. . . မင်းဖာသာ မင်း အပြစ်ရှာချင်ပေမယ့် အပြစ်မတွေ့တိုင်း ပြောချင်ရာပြောမနေပါနဲ့ကွာ. . . နှင်းနုကလေး ဒီအိမ်မှာထားတာကို မင်းမရှုစိမ့်နိုင်လို့ ငါတခြားကို ပို့ထားပြီ မဟုတ်လား. . . အခုလဲ မင်းသားနဲ့မညားရအောင် တခြားကို ပို့ဖို့ ငါစီစဉ်နေပြီလေ. . . ဘာများပြောချင်သေးလဲ တင့်တင့်. . . မင်းစိတ်မချမ်းသာမှာကို ငါစိုးရိမ်လွန်လို့ ဒီအထိ လိုက်လျောတဲ့ကြား





www.foreverspace.com.mm

က မင်းဒီစကားပြောရက်တယ်ကွာ. . ."

မခင်တင့်သည် ဘာမျှပြန်မပြောတော့ချေ။ ကျွန်ုပ်မှာလည်း ဆက်လက်၍ စကားပြောရန် စကားစ ရှာမတွေ့တော့သဖြင့် ငြိမ်၍ နေရလေသည်။

အချိန်မှာ ဘယ်အချိန်သို့ရောက်နေသည်ဟူ၍ မသိရ။ တစ်အိမ်လုံးမှာ တိတ်ဆိတ်၍ နေလေသည်။ တိုင်ကပ်နာရီကြီးမှ တချက်ချက် မြည်နေသောအသံနှင့် ကလေးတို့၏ အသက်ရှူသံတို့သာလျှင် မင်းမူလျက် ရှိလေသည်။

ကျွန်ုပ်သည် အိပ်မပျော်နိုင်တိုင်း အပါနှင့်နှင်းနုတို့အကြောင်းကိုသာ မီးခိုးမဆုံး မိုးမဆုံး တွေး၍သာ နေမိလေသည်။

အတန်ကြာသောအခါ မခင်တင့်ထံမှ ရှိုက်သံသည် ဆင့်ကာ ဆင့်ကာ ထွက်၍လာလေတော့သည်။

\+ + + + +

"မန္တလေးဆိုတာ ဘယ်နားမှာလဲ အစ်ကိုကြီး. . ."

နောက်တစ်နေ့ညနေပဲ နှင်းနုလေးထံသို့ အသွားတွင် ပထမဆုံး ကြားရသည့်စကား ဖြစ်ပါသည်။

"မန္တလေးဆိုတာ အစ်ကိုကြီးတို့ အခုနေနေတဲ့နေရာရဲ့ မြောက်စူးစူးမှာ အထက်မြန်မာပြည်ပေါ့ကွာ. . . ဟို အညာမှာ. . . ဘာလုပ်ဖို့ မေးတာလဲ. . ."

"ကိုပါက. . . သူ မန္တလေးကို သွားမလို့တဲ့. . . အဲဒါ နှင်း ဘာလိုချင်သလဲလို့ လာမေးလို့ပါ. . ."

"ဩ. . . ဩ. . ."

www.foreverspace.com.mm

"ဒါထက်. . . အဲဒီမန္တလေးဆိုတာ ပျော်စရာကောင်းသလား. . ဟင်. . . သိပ်ပျော်စရာကောင်းတာပဲလား. . ."

"လောကမှာ အမြဲတမ်းပျော်စရာကောင်းတဲ့နေရာရယ်လို့တော့ ဘယ်ရှိပါ့မလဲ. . . အနှင်း. . . ပျော်တတ်တဲ့လူအဖို့တော့ ဘယ်မှာ နေရနေရ ပျော်စရာချည်းပဲပေါ့. . ."

ကျွန်ုပ်သည် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လျက်က နှင်းနုလေး၏ စိတ်အာရုံကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေရန်အတွက် စကားလမ်းကြောင်းကို လွှဲပေးလိုက်ရလေသည်။

"ဟုတ်ပါတယ်လေ. . . အစ်ကိုကြီး တစ်ခါကပြောဖူးသားပဲ. . မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ တရားလေးပါးကို လက်ကိုင်ထားရင်. . . ဒီလောကကြီးဟာ ဘယ်လောက်ပဲ ဒုက္ခဘုံလို့ဆိုပေမယ့် စိတ်ချမ်းသာနိုင်တယ်လို့ အစ်ကိုကြီး ပြောဖူးသားပဲ"

"ဟုတ်တယ် အနှင်း. . . ဒီစကားဟာ အမှန်ပဲ။ အမှန်မှာတော့ လူတွေဟာ မေတ္တာတရားတို့ သစ္စာတို့ ခေါင်းပါးကြလို့ စိတ်ဒုက္ခရောက်နေကြရတာပဲ။ ခုနက အစ်ကိုကြီးပြောတဲ့ မေတ္တာ သစ္စာတရားတွေကိုသာ လက်ကိုင်ထားနိုင်ကြမယ်ဆိုရင် လူတွေဟာ စိတ်အေးချမ်းသာစွာနဲ့ ပျော်ပျော်ပါးပါး နေနိုင်ကြမှာပေါ့. . ."

ကျွန်ုပ်သည် တရားဘက်သို့ဆွယ်၍ နှင်းနုကလေးကို ဆိုဆုံးမသော်လည်း နှင်းနုလေး၏စိတ်ထဲတွင်ကား အပါ မန္တလေးသို့သွားမည့်အကြောင်းကိုသာ စိတ်ဝင်စားနေဟန်တူပါသည်။

"ဒီမှာ အစ်ကိုကြီးရဲ့ ကိုပါ လေးငါးရက်ကြာရင် မန္တလေးကို သွားမယ်လို့ဆို ဟုတ်လား. . ."

"ဟုတ်တယ်. . . သူ မန္တလေးကို သွားလိမ့်မယ်. . . ဘာလဲ မင်း





www.foreverspace.com.mm

ကို သူက ဒီအကြောင်း ပြောသလား. . ."

"သူကတော့ မပြောပါဘူး။ သူများပြောသံကြားတာပါ။ ကိုပါဟာ တခြားတရွာကို သွားလိမ့်မယ်ဆိုတာကိုလဲ နှင်း စိတ်ထဲက သိပြီးသားပါ. . ."

"ဩ. . . ဩ. . . အနှင်းစိတ်ထဲမှာ သိပြီးသား ဟုတ်လား။ ဒါထက် အနှင်းဆီကို အပါလာလာနေတာ ဘာဖြစ်လို့ အစ်ကိုကြီးကို မပြောတာလဲ. . . သူ နေ့တိုင်းလာတယ် မဟုတ်လား. . ."

"ဟုတ်ကဲ့. . . လာပါတယ်. . . အနှင်းကို သီချင်းတက်ပေးတယ်။ ပတ္တလားသင်ပေးတယ်။ ဒါတွေကို အစ်ကိုကြီးကို ပြောပြချင်ပါတယ်။ ဒါပေမဲ့ ဒီလိုပြောတဲ့အတွက် အစ်ကိုကြီး စိတ်မချမ်းမသာဖြစ်မှာစိုးလွန်းလို့ပါ. . ."

"အခုလို မပြောဘဲနေတာက သာပြီး စိတ်မချမ်းမသာဖြစ်ရတာပေါ့. . ."

နှင်းနုကလေးသည် ကျွန်ုပ်၏စကားအဆုံးတွင် ကျွန်ုပ်၏လက်မောင်းကို စမ်း၍ဖက်ကာ ငိုလေတော့သည်။ ကျွန်ုပ်ကလည်း ပြောစရာစကား မရှိသဖြင့် သူ၏ကျောကလေးကို ယုယစွာ ပွတ်သပ်ပေးမိလေသည်။

"ကိုပါ မန္တလေးသွားပေမယ့်. . . ပျော်မှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ အနှင်း. . . နေပါဦး. . . အနှင်းကို အပါက ချစ်တဲ့အကြောင်း ပြောပြဖူးသလား"

"မပြောဖူးပါဘူး. . . ဒါပေမဲ့ အနှင်းသိတယ်. . . အနှင်း စိတ်ထဲက သိတယ်. . . အစ်ကိုကြီးက အနှင်းကို ချစ်လာသလို သူကလဲ အနှင်းကို ချစ်နေတယ်. . . ဒါကို အနှင်းသိတယ်"

"တဲ့. . . နေစမ်းပါဦး. . . ဒီလောက်လဲ ငိုမနေပါနဲ့. . . မျက်စိကိုက်နေပါဦးမယ်. . . ဒီမှာ အစ်ကိုကြီးမေးမယ်. . . အပါ မန္တလေးသွားတာကို အနှင်း စိတ်ညစ်သလား. . ."

"အနှင်းက စိတ်မညစ်ပါဘူး. . . ကိုပ့်ါအတွက် ကောင်းတယ်လို့တောင် ထင်မိပါသေးတယ်. . . အနှင်း သူ့ကို မချစ်နိုင်ဘူး. . . ပြန်မချစ်နိုင်ဘူး. . ."

"တကယ်ပဲလား အနှင်း. . . အနှင်းစိတ်ထဲမှာ သူ တစ်မြို့တစ်ရွာသွားတာကို တကယ်ပဲ နေနိုင်သလား"

"နေနိုင်ပါတယ် အစ်ကိုကြီးရယ်. . . အနှင်းဟာ အစ်ကိုကြီးကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ပါဘူး. . . အနှင်းရဲ့လက်ကို ဖယ်မချပါနဲ့ အစ်ကိုကြီးရယ်. . . အနှင်း အားရပါးရ ဖက်ပြီး ပြောစမ်းပါရစေ. . . အစ်ကိုကြီးဟာ အိမ်ထောင်သည် မဟုတ်ဘူးဆိုရင် အနှင်း ဒီစကားမျိုး မပြောပါဘူး. . . အစ်ကိုကြီး အိမ်ထောင်သည်မို့ ပြောရတာပါ. . . ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီး လူပျိုဆိုရင် အနှင်းကို လက်ထပ်ယူနေဦးမှာ. . . အခုတော့ အစ်ကိုကြီး ဘယ်လိုပဲ လက်ထပ်ယူချင်ပေမယ့် ယူလို့ မရနိုင်တော့ဘူး အစ်ကိုကြီးရယ်. . . အစ်ကိုကြီးနဲ့ အနှင်းနဲ့ အခုလို ချစ်မိတာဟာ လွန်သလား. . . အပြစ်ရှိသလား. . . မကောင်းတဲ့ဒုစရိုက်လား. . . လွဲမှားတဲ့ အချစ်များလား. . ."

"အချစ်ဆိုတာမှာ ဒုစရိုက်တို့ လွဲမှားတယ်ဆိုတာတို့ မရှိပါဘူးကွယ်. . ."

"ဒီလိုဆို တော်ပါသေးရဲ့ အစ်ကိုကြီးရယ်. . . တစ်ခုတော့ရှိတယ်လေ. . . အစ်ကိုကြီးနဲ့ အနှင်းတို့ ချစ်မိကြတဲ့အတွက် တခြားသူ





မှာ စိတ်မချမ်းမသာဖြစ်ရတယ်ဆိုရင်တော့ မကောင်းဘူးပေါ့. . . ဟုတ်လား။ ဒီစိတ်ကတော့ အနှင်းရဲ့ရင်ထဲမှာ အမြဲပိုက်ထားပါတယ်။ အခုလဲ ကိုပါဟာ အနှင်းကြောင့် စိတ်မချမ်းမသာဖြစ်သွားမှာကို စိုးရိမ်ပါတယ်. . . ဘယ်သူ့ကိုပဲဖြစ်ဖြစ် အနှင်းဟာ စိတ်ချမ်းသာအောင် လုပ်ချင်ပါတယ်. . ."

"အပါက မင်းကို လက်ထပ်ယူဖို့အထိ စိတ်ကူးနေတယ်"

"ဒါဖြင့်. . . ကိုပါ မန္တလေးကို မသွားခင် အနှင်းဆီကို လွှတ်လိုက်ပါလား အစ်ကိုကြီးရယ်. . . အနှင်းကို မချစ်တော့ဖို့ အနှင်းပြောချင်လို့ပါ။ တကယ်ဆိုတော့ အနှင်းဟာ ဘယ်နည်းနဲ့မှ သူနဲ့လက်ထပ်လို့ မဖြစ်နိုင်ပါဘူး. . . ဒီတော့ အနှင်း ပြောပါရစေနော်"

"အေးလေ. . . ပြောကြပေါ့. . . အစ်ကိုကြီး လွှတ်လိုက်ပါ့မယ်"

"ကောင်းပါပြီ အစ်ကိုကြီးရယ်. . . ကျေးဇူးပါပဲ"

\+ \+ \+ \+ \+

ကျွန်ုပ်သည် ကျွန်ုပ်၏ဖြစ်စဉ်ကို ပြန်လည်ဖော်ရင်းက တစ်ခါတစ်ရံ စိတ်ပျက်စွာဖြင့် လွှင့်ပစ်ရန် စိတ်ကူးမိပါသည်။

ကျွန်ုပ်၏ဖြစ်စဉ်ကို ဆက်လက်ရေးသားရန်အတွက် ဤအထိရေးခဲ့သမျှကို ပြန်လည်ဖတ်ရှုကြည့်မိပါသည်။ ရင်ထဲတွင် ဆို့ကြပ်နစ်မောချလာ၏။ ကျွန်ုပ်ကား မှားခဲ့လေပြီ။ မခင်တင့်၏စကား နှင်းနုလေး၏စကားတို့သည် ကျွန်ုပ်၏စိတ်နှလုံးအား တုန်လှုပ်ချောက်ချားစေခဲ့လေပြီ။ ကျွန်ုပ်သည် နှင်းနုလေးအား ချစ်ခဲ့ပြီလော။ မချစ်ခဲ့သလော. . . ဟူ၍ကား ယခုတိုင် စဉ်းစား၍မရနိုင်ခဲ့။ ကျွန်ုပ်၏အယူအဆ၌ အိမ်ထောင်ပြုခြင်း အဆုံးမသတ်သောအချစ်ကို အချစ်ဟူ၍

အသိအမှတ်မပြုနိုင်ပေ။ နှင်းနုကလေးအပေါ်၌ ဤမျှ ကျွန်ုပ်တွယ်တာ၍နေရင်းကပင်လျှင် ကျွန်ုပ်သည် အချစ်ဟုမယူဆနိုင်ခဲ့။ ပြင်းထန်လှသော ကရုဏာ၏လှိုင်းဂယက်များဟု ယူဆခဲ့၏။

နှင်းနုက ကျွန်ုပ်အား ချစ်သည်ဟုဆိုခြင်းမှာ သမီးရည်းစားချစ် တဏှာချစ် ဟုတ်နိုင်မည် မထင်ပါ။ နှင်းနုကား လူလားမြောက်ခါစ အရွယ်လေး မဟုတ်ပါ။ အခက်အခဲ အနှောင့်အယှက် ကင်းမဲ့စွာ ချစ်နေသည့်အချစ်ကို တကယ့်အချစ်ဟု ယူဆနိုင်ရန် ခက်လှပေသည်။ ယခု နှင်းနုကလေး၏အချစ်မှာ အနှောင့်အယှက် အခက်အခဲနှင့် ဆုံတွေ့ပါက ကြွေလွင့်ပျက်ပြယ်နိုင်၏။ ကျွန်ုပ်ကိုယ် ကျွန်ုပ်ပြန်လည်ဆန်းစစ်ကြည့်သောအခါတွင်လည်း ကျွန်ုပ်သည် နှင်းနုကလေးအား ကလေးငယ်တစ်ယောက်ကို ချစ်သည့်အချစ်မျိုးဖြင့် ချစ်နေခြင်းသာဟုသာ ယူဆ၏။ ဒုက္ခိတသတ္တဝါ ဝီလာနတစ်ယောက်ကို ချစ်သည့် အချစ်မျိုးဖြင့် ချစ်နေရခြင်းသာဟု ယူဆ၏။

အမှန်မှာ ကျွန်ုပ်ကဲ့သို့ ကျောင်းဆရာတစ်ယောက် သားသမီး ၄ ယောက်ဖခင်သည် တစ်ယောက်က နှင်းနုကဲ့သို့ မျက်မမြင်ဒုက္ခိတလေးတစ်ယောက်အား မယားငယ်တစ်ယောက်အဖြစ် ချစ်မိရန်ကား ဘယ်နည်းနှင့်မှ မဖြစ်နိုင်သောကိစ္စတစ်ရပ်ပင် ဖြစ်လေသည်။ နှင်းနုကလေးက ရှင်းရှင်းဘွင်းဘွင်း သူ၏အချစ်ကို ဖွင့်ဟပြောနေသည့်တိုင် ကျွန်ုပ်မှာ ဝမ်းသာခြင်း ကြည်နူးခြင်း မရှိခဲ့ရုံမျှမက ရင်ထဲတွင် ဆို့ကြပ်နစ်မြောဆဲခြင်းပင် ဖြစ်ခဲ့ရလေသည်။

သို့ဖြစ်ပါလျက်နှင့် နှင်းနုကလေး၏ပြောစကားများကို ကျွန်ုပ်သည် အဘယ်ကြောင့် ဖော်ပြနေရသနည်းဟု မေးဖွယ်ရာအကြောင်း ရှိပါသည်။ ကျွန်ုပ်၏ဖြစ်စဉ်ကို စာဖတ်သူတို့ သိစေရန်မှတစ်ပါး





အခြားမရှိသည်ကိုကား သတိပေးလိုပါသည်။

\+ + + + +

ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်းပင် အပါသည် မန္တလေးသို့ သင်္ကြန်အမီ ထွက်သွားခဲ့၏။ နှင်းနုကလည်း အပါ့အား မချစ်နိုင်ကြောင်းကို ပြောပြသည်ဟု သိရလေသည်။

ကျွန်ုပ်သည်လည်း နှင်းနုကလေးနှင့် စကားပြောဆိုရာ နေထိုင်ရာ၌ ဆင်ခြင်ခဲ့ရ၏။ စကားပြောသောအခါ၌ ဆရာတစ်ယောက်က တပည့်ကလေးကို ပြောသည့်အနေဖြင့် ပြောရ၏။ တရားစကားများကိုသာ လက်ဆုံကျရ၏။ တရားစာများကိုသာ ဖတ်ပြခဲ့ရလေသည်။ တစ်ခါတစ်ရံတွင်မှ သူတီးပြသော ပတ္တလားသံကို နားထောင်ကာ အကောင်းအဆိုး ဝေဖန်ခဲ့ရ၏။

သို့နှင့် သင်္ကြန်တွင်းသို့ ရောက်ခဲ့၏။ မခင်တင့်ကား ထုံးစံအတိုင်းပင် အိမ်တွင် နေခဲ့ကာ ကျွန်ုပ်သာလျှင် ဥပုသ်ဇရပ်သို့ ရောက်ခဲ့၏။ ရှစ်ပါးသီလကို ခံယူပြီးနောက် အာရုဏ်ခံဆွမ်းဆောင်းအတွင်းသို့ သွားကာ ဂုဏ်တော်ပုတီးကို စိပ်ခဲ့လေသည်။ ခေါင်းထဲတွင် ရှုပ်ထွေးပွေလိမ်နေသည့် အပါနှင့်နှင်းနုတို့၏ကိစ္စများကို အတော်ပင် ကြိုးစား၍ ဖြေဖျောက်ရ၏။ အချိန်ကျလျှင် နှင်းနုကလေးတို့အိမ်သို့ သွားလိုစိတ်တို့ ပေါ်လာ၏။ ထိုစိတ်ကို ဖျောက်ကာ စိတ်၏ငြိမ်းချမ်းခြင်းရအောင် ပြုရလေသည်။

ဤတွင် တစ်ခါက စိတ်၏ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အပါနှင့် ပြောခဲ့ဖူးသောစကားများကို ပြန်လည်သတိရမိလေသည်။

"ဖေဖေရယ်. . . စိတ်ရဲ့အေးချမ်းမှုကိုရအောင် ဘယ်လိုလုပ်ရ

သလဲ ဖေဖေရယ်. . ."

"ကိုယ့်မှာရှိနေတဲ့ အရာကလွဲလို့ တခြားဘာကိုမှ မလိုချင်ဘူးဆိုရင် စိတ်ရဲ့အေးချမ်းမှုကို ရတာပေါ့. . ."

"ဘာကိုမှ မလိုချင်ရဘူးဆိုတာက ဘာကိုဆိုလိုတာလဲ ဖေဖေရယ်. . ."

"ဒီလိုလေ. . . မင်းမှာ ငွေတစ်ဆယ်ပဲရှိတယ်ဆိုရင် အဲဒီ ငွေတစ်ဆယ်နဲ့ပဲ ရောင့်ရဲတင်းတိမ်နိုင်ရမယ်. . . မရောင့်ရဲနိုင်ဘဲ တစ်ဆယ်က နှစ်ဆယ်ဖြစ်ချင်လာရင်. . . မင်းဟာ မုချ စိတ်ဆင်းရဲတော့မှာပဲ. . ."

"ဒီလိုဆိုရင်. . . လူရဲ့တိုးတက်မှု ဘယ်ရှိတော့မလဲ. . . ဖေဖေ"

"ဟ. . . မင်းဆိုလိုတဲ့ တိုးတက်မှုက ရုပ်ဝတ္ထုတိုးတက်မှုပဲ. . . စိတ်အားဖြင့် ဝိညာဉ်အားဖြင့် တိုးတက်မှုမှ မဟုတ်ပါဘဲရယ်. . ."

"ဖေဖေပြောတာ ကျွန်တော် သဘောမပေါက်သေးပါဘူးဗျာ"

အပါကဲ့သို့ အရွယ်ရောက်စ လူငယ်က ထိုတရားကို သဘောမပေါက်နိုင်ဆိုခြင်းကား အပြစ်မဆိုသာပါပေ။ ကျွန်ုပ်လည်း သူ့အား ဆက်လက်၍ ရှင်းမပြခဲ့ပါ။ စင်စစ်အားဖြင့် တရားဆိုသည်မှာလည်း မိမိဖာသာ မိမိ သဘောပေါက်မှ နားလည်နိုင်သည့်အရာမျိုး ဖြစ်ပေသည်။

အပ့ါအကြောင်းကို စဉ်းစားမိသောအခါ နှင်းနုကလေးကို မစဉ်းစားဘဲ မနေနိုင်ခဲ့။ နှင်းနုက တစ်ခါတွင် ကျွန်ုပ်အား "စကွဲရှုပေနှ. . . သံဝါသာ. . ." အစချီသော စကားစုနှင့်ပတ်သက်၍ ဘာကိုဆိုလိုကြောင်း မေးလာလေသည်။

"မျက်စိနှင့်ရုပ်နှင့် တွေ့ဆုံကြတဲ့အခါ တပ်မက်တွယ်တာကြ





တယ်လို့ ဆိုလိုတာပါ။ သဘောကတော့ မျက်စိဆိုတဲ့ အကြည်ဓာတ်ရှိလို့ ရုပ်ဝတ္ထုတွေကိုမြင်လို့ လှတယ် မလှဘူးလို့ ဆုံးဖြတ်လာတယ်။ ကိုယ်ကလှတယ်လို့ ဆုံးဖြတ်ထားတာကျတော့ လိုချင်လာတယ်. . . တပ်မက်လာတယ်. . . ရတော့လဲ ပျောက်များသွားဦးမှာလားဟဲ့လို့ ကြောင့်ကြပူပန်ရပြန်တယ်. . . မရတော့လဲ မရလေခြင်းလို့ တောင့်တပူဆွေးရပြန်တယ်. . ."

"ဘာဖြစ်လို့ မျက်စိက ရုပ်ဝတ္ထုကို မြင်ရုံနဲ့ တွယ်တာရတာလဲ။ တပ်မက်ရတာလဲ. . ."

"အရင်းခံကတော့ အဝိဇ္ဇာဆိုတဲ့ မိုက်မဲခြင်းပေါ့. . . အဝိဇ္ဇာဆိုတဲ့ အမှောင်တိုက်ကြီးကြောင့် ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့တရား ပေါ်လာတယ်။ ဖြစ်တတ်ပျက်တတ်လို့ ရုပ်နာမ်ပေါ်လာရတယ်. . . ရုပ်နာမ်ရှိလို့ ခုနကပြောသလို ကောင်းမှုန်း ဆိုးမှုန်းတွေ သိမြင်ကြတွေ့ကြ ခင်တွယ်ကြ မက်မောကြနဲ့ နောက်ဆုံးမှာ ပူဆွေးသောကဒုက္ခတရားတွေနဲ့သာ အဆုံးသတ်ရတာပေါ့. . ."

နှင်းနုကလေးကား သူ့နေရိုးနေစဉ်အတိုင်း တိတ်ဆိတ်ငြိမ်သက်စွာပင် နေခဲ့လေသည်။

သင်းတို့ နှစ်ယောက်စလုံး ကျွန်ုပ်အား ဥပုသ်စောင့်ရာ ပုတီးစိပ်ရာ၌ပင် လာရောက်နှောင့်ယှက်၍ နေကြပေသည်တကား။

သကြ်န်ရက်ပြီးဆုံးပြီးနောက် ခုနစ်ရက်ခန့်အကြာတွင် ရန်ကုန်ရှိ မိတ်ဆွေထံမှ နှင်းနုကလေး၏မျက်စိကို ဆေးကုရန်အတွက် လာခဲ့ကြရန် ခေါ်သည့်စာ ရောက်လာလေသည်။ ဆရာကြီးမှာ သေသေချာချာစုံစမ်းကြည့်သောအခါတွင် ငွေကို သိပ်အရေးမထားဘဲ တတ်နိုင်

www.foreverspace.com.mm

သမျှ ပေးသမျှကို လက်ခံကြောင်း ငွေကြေးတတ်နိုင်သူများကိုသာ အဖိုးအခကြီးစွာ တောင်းတတ်သော်လည်း မတတ်နိုင်သူကိုကား ရသမျှနှင့် ကျေနပ်တတ်ကြောင်းတို့ကိုလည်း ရေးသားထားလေရာ ကျွန်ုပ်မှာ လွန်စွာ ဝမ်းသာခဲ့ရလေသည်။

ထိုစာရပြီး သုံးရက်ခန့်အကြာတွင် အပါ ရောက်လာလေတော့သည်။

ဤအကြိမ် ကျွန်ုပ်ရှေ့တွင် နှင်းနုနှင့် တွေ့ကြသောအခါ ရဲရဲတင်းတင်းပင် ရှိုးသားသောစကားများကို ပြောကြလေသည်။ အပါနှင့်ပတ်သက်လာပါက ကျွန်ုပ်ထင်သမျှ လွဲရသည်သာတကား . . . ကျွန်ုပ်၏အထင်၌ အပါသည် မန္တလေးမှ ပြန်လာသောအခါ နှင်းနုအား အရောတဝင် နေရဲတော့လိမ့်မည်မဟုတ်ဟု ထင်ခဲ့၏။ သို့သော် သူသည် နှင်းနုနှင့်တွေ့သောအခါ ကျွန်ုပ်၏ရှေ့မှာပင်လျှင် ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်စကားပြောရုံမျှမက နှင်းနုအတွက် လက်ဆောင်များကိုပင် ဝယ်ခဲ့ပေသေးသည်။

ကျွန်ုပ်မှာကား ရန်ကုန်မှ စာလာသည့်နေ့မှစ၍ အလုပ်များခဲ့ရလေသည်။ မည်မျှအလုပ်များခဲ့သည် မသိရ။ မခင်တင့်၏ ခနိုးခနဲ့စကားသံများကို ကြားရတော့မှပင် ကိုယ့်ကိုယ်ကို သတိရမိလေသည်။

မခင်တင့်၏ခနိုးခနဲ့စကားများကား ကျွန်ုပ်အား စိတ်မချမ်းမြေ့ချင်းကိုသာ ဖြစ်စေရ၏။ အဘယ်ကြောင့်ဆိုသော် မခင်တင့် မကျေနပ်နေသောကိစ္စမှာ ကျွန်ုပ်အဖို့ မလွဲမရှောင်နိုင်သော ကိစ္စဖြစ်၏။ ထိုကိစ္စပြီးဆုံးမှ အေးကြရမည်ဖြစ်၏။ အမှန်မှာ နှင်းနုကလေးနှင့်ပတ်သက်၍ အပြောအဆိုခံရတိုင်း ကျွန်ုပ်စိတ်မချမ်းမသာ ဖြစ်ရသဖြင့် မခင်တင့်သည် အောင့်အည်းသည်းခံသင့်သည်ဟု ကျွန်ုပ်ထင်





www.foreverspace.com.mm

၏။ ကျွန်ုပ်မှာမူကား မခင်တင့် စိတ်မချမ်းမသာဖြစ်ရှာမည်ကို စိုးရိမ်လှသဖြင့် ကျွန်ုပ်သည် နှင်းနု၏မျက်စိကို ကုရန်အတွက် ပိုက်ဆံစုထားကြောင်း မပြောဘဲနေခဲ့ရလေသည်။

ကျွန်ုပ်သည် ဤနေရာ၌ မခင်တင့်အား အပြစ်တင်နေခြင်း မဟုတ်ပါ။ မခင်တင့်အနေဖြင့်ကား ဤအတိုင်းဖြစ်ရပေမည်။ သူ၏လင်ယောကျ်ားသည် သွေးသားမတော်စပ်သော တစိမ်းတရံစံ မိန်းကလေးတစ်ယောက်အပေါ်တွင် သံယောဇဉ်ကြီးစွာဖြင့် တွယ်တာစောင့်ရှောက်နေခြင်းအတွက် ဝန်တိုခြင်း၊ စိုးရိမ်ခြင်းဖြစ်ရှာသည်မှာ ဖြစ်သင့်ဖြစ်ထိုက်သော သဘောပင် ဖြစ်ပါသည်။

မခင်တင့်သာမက ကျွန်ုပ်၏သမီးများကလည်း မကျေမနပ်ဖြစ်နေသည်ကို ကျွန်ုပ် ရိပ်မိပါသည်။ မာမာကလွဲ၍ နှင်းနုအား ဂရုစိုက်သူဟူ၍ မရှိကြ။ သမီးကြီး အတာဆိုလျှင် နှင်းနုအား စကားတစ်ခွန်းမျှမပြောပေ။

အတာမှာလည်း အရွယ်ရောက်နေသူဖြစ်သောကြောင့် အိမ်တွင် ဖြစ်နေသမျှ ဖြစ်ပုံပျက်ပုံအလုံးစုံကို ကောင်းစွာသိနားလည်၏။ ကျွန်ုပ်နှင့် နှင်းနုကလေးကို ဂရုစိုက်သည့်အတွက် မခင်တင့် စိတ်မချမ်းမသာဖြစ်နေခြင်းကိုလည်းကောင်း၊ အပါက နှင်းနုကလေးကို ချစ်ကြိုက်နေသည့်အတွက်ကြောင့် ကျွန်ုပ် စိတ်မချမ်းမသာ ဖြစ်နေခြင်းကိုလည်းကောင်း သိနေသူဖြစ်လေသည်။ သူ့စိတ်၌ နှင်းနုသည် မခင်တင့်ပြောသကဲ့သို့ "ဂြိုဟ်ကောင်မလေး"ဟု ယူဆထားလေသည်။ အတာနှင့် မခင်တင့်တို့မှာ ဤအချက်တွင်သာ တူညီကြသည် မဟုတ်။ အခြားတူညီသောအချက်များလည်း များစွာရှိပါသည်။ သူတို့သားအမိသည် ကဗျာကိုလည်း ဝါသနာမပါ။ စာပေတွင်လည်း

မွေးလျှော်ခြင်း မရှိကြ။

ကျွန်ုပ်တို့ကား ချစ်ကြပါ၏။ သို့သော် မည်မျှပင်သောက်သုံးချိုးစေကာ 'ကုန်ခမ်းသည်ဟူ၍ မရှိသော ချစ်ခြင်းမေတ္တာရေစင်ကို တစ်ဦးတည်း တစ်ယောက်တည်းကိုသာ သွန်းလောင်းရန် ရည်သန်ထားကြသည်မှာ အံ့ဩဖွယ်ရာဖြစ်ပေသည်။

အကယ်၍သာ မခင်တင့်သည် ကျွန်ုပ်ကဲ့သို့သော စေတနာမေတ္တာကြီးမားစွာဖြင့် နှင်းနုကလေးကို ကြင်နာစောင့်ရှောက်ပါက ကျွန်ုပ်အဖို့ ယခုကဲ့သို့သော သောကဝေဒနာကို ခံစားနိုင်ဖွယ်ရာမမြင်ရာ သမီးရင်းများနှင့်မခြား ရောရောထွေးထွေး ပျော်ပျော်ပါးပါး နေနိုင်ကြမည်ဖြစ်၏။

ယခုမှာမူ "ပြုကျင့်ကုသိုလ် လင်ကြည်ညိုလည်း ဝန်တိုအိမ့်ရှင် တားပိတ်ပင်ခဲ့" ဟူသောစာဆိုနှင့်ညီသည့် မခင်တင့်ပါပေ။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့ကား ကျွန်ုပ်ပြုရမည့်ကိစ္စတစ်ရပ်ကို ပြီးဆုံးအောင် ပြုရမည်ပင်။ ထို့ကြောင့် တစ်ညနေတွင် နှင်းနုလေးထံသို့ လာကာ ခါတိုင်းနည်းတူ လမ်းလျှောက်ထွက်ကြရင်း ရန်ကုန်သို့ မျက်စိကုရန် သွားရတော့မည်ဖြစ်ကြောင်းကို ပြောပြလေသည်။

နှင်းနုလေးသည် ကျွန်ုပ်ပြောသည့်စကားကို ပြီးဆုံးအောင် နားထောင်ပြီးနောက် အတန်ကြာအောင် စကားမပြော။ ငြိမ်သက်နေရာမှ. . .

"ဒါထက် အစ်ကိုကြီး စိတ်ထဲမှာ ကိုပါဟာ အနှင်းကို ချစ်နေတုန်းပဲလို့ ထင်နေသလား. . ."

"မထင်ပါဘူးဗျာ. . . အပါဟာ မင်းကို လက်လျှော့လိုက်ပြီပဲ"





"နောက်ပြီး အစ်ကိုကြီးဟာ အနှင်းကို ချစ်နေတယ်ဆိုတာကို သူသိတယ်လို့ရော ထင်သလား. . ."

ကျွန်ုပ်သည် သင်္ကြန်မတိုင်မီ ရက်အနည်းငယ်အတွင်းမှစ၍ နှင်းနုကလေးအား ဤစကားမျိုးကို မပြောဖြစ်အောင် အကြိမ်ကြိမ်ကြိုးစားရှောင်ကွင်းခဲ့၏။ လွှဲဖယ်ခဲ့၏။ သို့သော် ယခုမူ နှင်းနုက စတင်၍ပြောခဲ့လေပြီ။ မေးလေပြီ။ ကျွန်ုပ်သည် သူ၏အမေးစကားကို ကြားရသောအခါ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လာမိလေသည်။

"မင်းကို အစ်ကိုကြီး ချစ်တယ်ဆိုတာ လူတိုင်း သိပါတယ်ကွာ. . ."

"အို. . . အစ်ကိုကြီးကလဲ အနှင်းမေးတာကိုတော့ မပြောဘဲကိုး. . ."

ကျွန်ုပ် မည်သို့မျှ မဖြေနိုင်သေးသည့် အချိန်အတွင်းမှာပင် နှင်းနုသည် ဆက်လက်ကာ "ဟုတ်ပါတယ် အစ်မကြီးလဲ သိမှာပါပဲ. . အစ်မကြီးတော့ အတော်ပဲ စိတ်မချမ်းမသာဖြစ်နေမှာပဲနော်. . ." ဟု မေးပြန်လေသည်။

"အိုကွာ. . . မင်းအစ်မကြီးကတော့ မင်းအတွက်ကြောင့် စိတ်မချမ်းမသာ မဖြစ်ရရင်လဲ တခြားကိစ္စတစ်ခုခုနဲ့ စိတ်ညစ်နေမှာပဲ. . . အမှန်ကတော့ မင်းအစ်မကြီးရဲ့သဘာဝကိုက စိတ်မချမ်းသာစွာနဲ့ အမြဲနေတတ်တဲ့သဘာဝပဲ"

"အင်း. . . အစ်ကိုကြီးကတော့ အနှင်းရဲ့ စိတ်ကို သက်သာအောင် အမြဲတမ်း ပြောတာပဲ။ ဒါပေမဲ့ အနှင်းအဖို့မှာတော့ မထူးပါဘူး. . . အနှင်း စိတ်ညစ်မှာစိုးလို့ အနှင်းကို အစ်ကိုကြီးက မပြောပေမယ့် အနှင်းသိနေတဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့

www.foreverspace.com.mm

အနှင်းစိတ်ထဲမှာလေ တစ်ခါတစ်ခါတော့လဲ. . . ”

“တစ်ခါတစ်ခါတော့ ဘာဖြစ်သလဲ. . . အနှင်း. . . ”

“တစ်ခါတစ်ခါတော့လဲ အော်. . . ငါရဲ့ပျော်ရွှင်မှုတွေဟာ ငါ ဘာမှမသိလို့. . . မသိနားမလည်လို့. . . ပျော်နေရတဲ့ ပျော်ရွှင်မှုတွေ ပါလားလို့ တွေးမိတယ်. . . ”

“အို. . . ဒီလိုလဲ ဘယ်ဟုတ်မလဲ အနှင်း. . . ဒီ. . . ”

“နေပါဦး အစ်ကိုကြီးရယ်. . . အနှင်း ပြောပါရစေဦး. . . အနှင်းဟာလေ ဒီလိုပျော်ရွှင်မှုကို မကြိုက်ပါဘူး. . . ဒီလိုပျော်ရတာမျိုးကိုလဲ မပျော်ချင်ပါဘူး. . . အနှင်းသိပါတယ်. . . အနှင်း မမြင်ရတဲ့ စိတ်မချမ်းသာစရာကိစ္စတွေဟာ အများကြီးရှိတယ်ဆိုတာကို အနှင်းသိပါတယ်. . . အနှင်း မမြင်ရ မသိရပေမယ့် သိအပ်တဲ့ ကိစ္စတွေတော့ ရှိပါတယ်။ ဒီကိစ္စတွေကို အစ်ကိုကြီးက အနှင်းကို အသိပေးဖို့ကောင်းပါတယ်။ ဒါပေမဲ့ အစ်ကိုကြီးကတော့ အနှင်း စိတ်မချမ်းသာမှာစိုးလို့ အသိမပေးခဲ့ဘူး. . . ဒါကြောင့်မို့ အနှင်းလေ ဒီကိစ္စတွေကို သကြိန်တွင်းကစပြီး စဉ်းစားကြည့်ခဲ့တယ်. . . တကယ်ဆိုတော့လေ လောကကြီးဟာ အစ်ကိုကြီးပြောသလို သာယာတယ်ရယ်လို့ အနှင်းမယုံကြည်ချင်တော့ပါဘူး။ အစ်ကိုကြီးပြောသလို လူ့ဘဝဆိုတာ ခင်မင်တွယ်တာဖွယ်ရာ ကောင်းတယ်လို့လဲ အနှင်းမယုံကြည်ချင်တော့ဘူး. . . အစ်ကိုကြီး ယုံကြည်စေချင်သလို ယုံကြည်လို့ မရတော့ပါဘူး. . . ”

“အို. . . ဒီလိုလဲ မဟုတ်သေးဘူးလေ နှင်းရဲ့”

ကျွန်ုပ်သည် နှင်းနုကလေး၏စကားကြောင့် တုန်လှုပ်စွာ ကာ ကွယ်ငြင်းဆန်ရ၏။ ကျွန်ုပ်သည် သင်းကလေးအား ဘဝကို မခင်





www.foreverspace.com.mm

တွယ်သူဘဝမှ ခင်တွယ်လာအောင် ဆွဲဆောင်ခဲ့သော်လည်း ယခုအတိုင်းမှာမူ လက်လျှော့ရမည်ကဲ့သို့ ဖြစ်နေ၏။

“အိုလေ. . . တိုတိုပြောပါရစေတော့ အစ်ကိုကြီးရယ်. . . အနှင်းလေ အမှန်ကိုပဲ ယုံကြည်ပါရစေ မမှန်တာတွေ မယုံပါရစေ နဲ့တော့. . . ”

ကျွန်ုပ်တို့သည် အတန်ကြာမျှ စကားတစ်ခွန်းမျှ မပြောကြဘဲ လမ်းကိုသာ လျှင်မြန်စွာ လျှောက်ခဲ့ကြလေသည်။ ကျွန်ုပ်ပြောချင်သည့် စကားများကိုလည်း ခင်းကလေး စိတ်မချမ်းသာမည်ကို စိုးရိမ်၍မပြောနိုင်ခဲ့။ နှင်းနုကလေးသည် တော်တော်လေး ခရီးသွားပြီးနောက် ခေတ္တရပ်တန့်ကာ. . .

“နောက်ပြီး. . . အနှင်း တစ်ခုမေးပါရစေ. . . အစ်ကိုကြီးရယ်” ဟု မရဲတရဲ ပြောပြန်လေသည်။

“မေးလေ. . . ဘာမေးချင်လို့လဲ. . . ”

“ရှိုင်းတယ်လဲ မထင်ပါနဲ့နော်. . . ”

“ဘာတုန်း အနှင်းရဲ့. . . မေးလေ. . . မေးပါ. . . ”

“ဒီမှာ. . . အစ်ကိုကြီးရဲ့. . . မျက်စိမမြင်တဲ့မိန်းမက မွေးတဲ့ ကလေးဟာ မျက်မမြင်လေး ဖြစ်တတ်သလား”

“မဖြစ်တတ်ပါဘူး အနှင်းရဲ့. . . ကြိကြိဖန်ဖန်ကွာ. . အစ်ကိုကြီးတော့ တစ်ခါမှ မကြားဖူးပါဘူး။ ဒါပေမဲ့ တစ်ထောင်မှာ တစ်ယောက်ဆိုတာလို မွေးတဲ့လူလဲ ရှိတာပေါ့. . . ဖြစ်ရိုးဖြစ်စဉ်တော့ မရှိပါဘူး. . . ”

နှင်းနုသည် ကျေနပ်သွားသကဲ့သို့ ငြိမ်သွားလေသည်။ အဘယ့်ကြောင့် မေးလေသနည်းဟု ကျွန်ုပ်သည် မေးမြန်းစုံစမ်းလိုသော်

www.foreverspike.com.mm

လည်း ပါးစပ်မရဲသဖြင့် မမေးနိုင်ခဲ့ပေ။

"အိမ်ထောင်ပြုတဲ့လူမှန်ရင် ကလေးတော့ ရကြစမြဲပဲ အနှင်း"

"ဒါလဲ ထာဝစဥ် မမှန်ပါဘူး. . . အနှင်းသိပါတယ်"

ဤတွင် ကျွန်ုပ်မှာ ရင်ထဲတွင် နင့်ကနဲ ဖြစ်သွားသဖြင့်. . .

"ဒီမှာ အနှင်း. . . အစ်ကိုကြီးဟာ အနှင်းနဲ့ စကားပြောတဲ့အခါမှာ ပြောသင့်ပြောထိုက်တဲ့စကားကိုသာ ပြောပါတယ်။ သဘာဝတရားဆိုတာဟာ လူတွေ သတ်မှတ်နားလည်ထားတာနဲ့ ဒွေဖီသွားတာတွေလဲ ရှိတာပေါ့. . . ကံတရားဆိုတာကလဲ ရှိသေးတာကိုး. . ."

"အစ်ကိုကြီးဟာ ကံတရားတို့ မေတ္တာတရားတို့ကို အင်မတန်ပြောတယ်။ အစ်ကိုကြီး ပြောပြောနေတဲ့ မေတ္တာတရားဆိုတာဟာ အခု အစ်ကိုကြီး အနှင်းကိုထားတဲ့ မေတ္တာမျိုးလား"

"ဒီထက် စင်ကြယ်သန့်ရှင်းပြီး ပူပန်ခြင်းကင်းတဲ့မေတ္တာမှ တကယ့်မေတ္တာလို့ ခေါ်တာပါ. . ."

"ဒီလိုဆိုရင် အနှင်းတို့ရဲ့ အချစ်ကို ပြဟ္မစိုရ်ရဲ့ တရားထဲမှာပါတဲ့ မေတ္တာတရားနဲ့ညီအောင် ပြုပြင်ရင် မဖြစ်ဘူးလား"

"ဘာကို ဆိုလိုတာလဲ အနှင်း. . . ဘာကိုဆိုလိုတာလဲ"

"အနှင်း ဘာကိုပြောချင်တယ်ဆိုတာ အစ်ကိုကြီး သိပါတယ်. . . အစ်ကိုကြီး သိပါတယ်"

ကျွန်ုပ်သည် ရုတ်တရက် ဦးနှောက်ထဲတွင် ရှုပ်ထွေးသွားလေ၏။ မိနစ်အနည်းငယ်မျှ စဥ်းစားနေပြီးမှ. . .

"နေပါဦး. . . အနှင်းက အစ်ကိုကြီးတို့ရဲ့ အချစ်ကို မသမာတဲ့ အချစ်. . . လော်မာတဲ့အချစ်လို့ ဆိုချင်တာလား. . ."

"ဟုတ်တယ်. . . အနှင်းစိတ်ထဲမှာ ယူဆတယ်. . ."





www.foreverspike.com.mm

"ဒီတော့ အနှင်းက ဘယ်လိုလုပ်ချင်သလဲ. . ."

"ဘယ်လိုမှ မလုပ်ချင်ပါဘူး။ အနှင်းရဲ့သဘောကတော့ မသမာတဲ့အချစ်မကလို့ အဓိစိဂျိုးကပ်မယ့်အချစ် ဖြစ်ပေစေ အစ်ကိုကြီးကိုတော့ အမြဲချစ်သွားမှာပါပဲ. . ."

ကျွန်ုပ်တို့သည် ထိုနေ့က မည်သို့မည်ပုံ လမ်းလျှောက်၍ မည်သည့်အချိန်တွင် အိမ်သို့ပြန်လာခဲ့ကြသည်ကိုပင် မသိတော့ပါ။ ကျွန်ုပ်တို့ လမ်းလျှောက်ပုံမှာ အေးအေးဆေးဆေးလမ်းလျှောက်ထွက်ကြသည်နှင့်မတူဘဲ တစ်နေရာရာက ထွက်ပြေးလာကြသည်နှင့် တူနေကြောင်းကိုသာ သတိရမိပါသည်။ ကျွန်ုပ်သည် နှင်းနုကလေး၏လက်မောင်းကို တင်းကြပ်စွာ ဆုပ်ကိုင်၍ လမ်းလျှောက်ခဲ့ပါသည်။

\+ \+ \+ \+ \+

သို့နေခဲ့ရာမှ တစ်နေ့တွင် အပါက သူ၏သူငယ်ချင်းများရှိရာ မော်လမြိုင်ဘက်သို့ သွားလိုကြောင်းဖြင့် ပြောလာလေသည်။ အပါသည် မန္တလေးမှ ပြန်လာပြီးနောက် အတော်ပင် အနေအထိုင် ငြိမ်ဝပ်ပိပြားလှပေသည်။ ကျောင်းမှ ပြန်လာကာစကဲ့သို့ ပြာပြာသလဲ ယောက်ယက်ခတ်၍ မနေတော့။ ဣန္ဒြေရစွာဖြင့် နေနေသည်ကိုသာ တွေ့ခဲ့ရလေသည်။ ယခု အဘယ်သို့သောအတွေးဖြင့် အဝေးသို့ထွက်ရန် ကြံသည်ကိုကား ကျွန်ုပ်နားမလည်ခဲ့ပါ။

"ဘာသွားလုပ်မှာလဲ. . . လူလေး. . ."

"အလည်သက်သက်ပါ. . . ဒေသန္တရဗဟုသုတပေါ့ ဖေဖေ. . . အိမ်မှာနေလို့ ဗဟုသုတမတိုးပါဘူး. . ."

"ဒါဖြင့်လဲ သွားချင်သွားပေါ့. . . နောက်ပြီး ဘယ်တော့ပြန်လာ

မှာလဲ"

"ကျောင်းဖွင့်ကာနီးတော့ ပြန်လာမှာပေါ့ ဖေဖေ. . ."

"အေးလေ. . . ဒီလိုဆိုလဲ သွားပေါ့. . ."

ကျွန်ုပ်သည် ခရီးသွားသည်အခါတွင် ဆင်ခြင်အပ်သည့်အရာများကို ညွှန်ကြားပြောဆိုဆုံးမခဲ့ရ၏။ အပါ ထွက်သွားသောအခါတွင်မှ နှင်းနုနှင့်ပတ်သက်၍ မည်သို့မပြောတော့ခြင်းအတွက် ဝမ်းသာနေမိလေသည်။ တကယ်ပင် အပါသည် မန္တလေးမှ ပြန်လာပြီးနောက်၌ နှင်းနု၏အကြောင်းကို စကားလုပ်၍ မပြောတော့ပေ။ ကျွန်ုပ်ကလည်း အစဖော်၍ မမေးတော့ဘဲ မေ့မေ့ပျောက်ပျောက် နေစေခဲ့လေသည်။

အပါတို့သို့ နုနယ်သေးငယ်လှသော အသည်းနှလုံးရှိသူအဖို့ သူတို့၏ ချစ်မေတ္တာသည်လည်း နုနယ်သေးငယ်၍သာ နေပေလိမ့်မည်။ နုနယ်သောအချစ်ဆိုသည်မှာ မီးတောက်မီးလျှံများပမာ တဟုန်းဟုန်းတောက်လောင်တတ်ကာ မီးစွယ်မီးလျှံတို့ဖြင့် ကြည့်ချင့်စဖွယ်ကောင်းလှသည်ကား မီးခဲတွင် စွဲနေသော မီးလောက် အပူဓာတ်မရှိ။ မီးခဲမီးလောက်လည်း ကြာရှာခံခြင်းရှိမည်မဟုတ်ပေ။

အပါမော်လမြိုင်သို့ ထွက်ခွာသွားပြီးနောက် ခုနစ်ရက်ခန့်အကြာတွင် ကျွန်ုပ်လည်း နှင်းနုကလေးနှင့် ရန်ကုန်သို့ မျက်စိကုရန်ထွက်ခဲ့ကြလေသည်။

ရန်ကုန်သို့ ထွက်ခွာမလာမီ တစ်နေ့က မခင်တင့်နှင့် ကျွန်ုပ်ရန်ဖြစ်ခဲ့ရပေသည်။ အကြောင်းရင်းကား နှင်းနုနှင့် ပတ်သက်သည့်အကြောင်းရင်းဖြစ်လေသည်။

"တဲ. . . ကိုညို. . . ရှင့်မလဲ ဒီဟာမလေးအတွက်နဲ့ပဲ တစ်နေ့တစ်နေ့ အချိန်ကုန်နေတာပဲ. . . ရန်ကုန်က ဆရာဝန်ကြီးဆီ ပို့မှာ





ဖြင့်လဲ မြန်မြန်ပို့. . . တင့်ကိုလဲ အရပ်ထဲက ဟိုလူဒီလူတွေက ပြောကြပြီ. . . တင့် သိပ်စိတ်ဆင်းရဲတာပဲ. . ."

"ဟာ. . . ပို့တယ်ဆိုတာကတော့ ဟုတ်ပါတယ်. . . ဘယ်သူကသွားပို့မလဲ. . . ဘယ်ကပိုက်ဆံရမလဲ. . ."

"ရှိသမျှပိုက်ဆံနဲ့ ရှင်ပဲ သွားပို့ပေါ့. . . သူ့ဖာသာသူ မျက်စိကောင်းလာတော့လဲ မိဘမဲ့ကျောင်းတို့ဘာတို့မှာ ထားရင် အေးပါတယ်. . ."

"အေးပေါ့လေ. . . နောက်ပိုင်းမှာတော့ ကြည့်ရှင်းတာပေါ့ကွာ"

ထိုညတွင်ပင် ကျွန်ုပ်သည် နှင်းနုကလေးနှင့်အတူ လမ်းလျှောက်ထွက်ရင်း ရန်ကုန်သို့သွားရန် သင့်တော်ပြီထင်ကြောင်းဖြင့် ပြောပြရလေသည်။

"အစ်ကိုကြီးတော့ ငွေကုန်ရဦးမှာပေါ့. . ."

"အထူးကုန်နေမှာ မဟုတ်ပါဘူးကွယ်. . . အနှင်းအတွက်ဆိုပြီး အစောကြီးကတည်းက စုထားတာ ရှိပါတယ်ကွယ်"

"ဘယ်တုန်းက စုထားတာလဲ. . ."

"အနှင်း မျက်စိစကွယ်တဲ့နေ့ကစပြီး. . . စုခဲ့တာပေါ့. . ."

"အစ်ကိုကြီးဟာ နှင်းတို့အပေါ်မှာ ဘာဖြစ်လို့ ဒီလောက်တောင်ခင်တွယ်နေပါလိမ့်ဆိုတာကို အနှင်းတော့ တစ်ခါတစ်ခါတွေးတွေးပြီးအံ့သြမိတယ်. . ."

"ဘဝကအကြောင်းပေါ့ အနှင်း. . . ဘယ်တတ်နိုင်မလဲ"

"ဟုတ်ပါတယ်နော်. . . ဘဝကအကြောင်းလို့ပဲ ခေါ်ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အနှင်းတို့အပေါ်မှာ ခင်တွယ်မိတဲ့အတွက် အစ်ကိုကြီးမှာ ဘာမှအကျိုးမရှိခဲ့ဘူး. . . အစ်ကိုကြီးကသာ ပေးခဲ့ရတာ

www.foreverspace.com.mm

ချည်းပဲ။ အနှင်းကြောင့် အစ်ကိုကြီးမှာ စိတ်ညစ်နေခဲ့ရတာချည်းပဲ မဟုတ်လား"

"အစ်ကိုကြီး အနှင်းကြောင့် စိတ်ညစ်ရတယ်ရယ်လို့ မရှိပါဘူးကွယ်. . . အနှင်းကို အခုလို ပြုစုယုယနေရတာကိုပဲ အစ်ကိုကြီးမှာ ကြည်နူးနေမိပါတယ်ကွယ်. . . ကဲကွာ. . . ဒီအကြောင်းတွေ မပြောမနေပါနဲ့တော့ကွာ. . . ရှေ့ဆက်ပြီး လုပ်စရာရှိတာတွေကိုသာ စီစဉ်ကြပါစို့ရဲ့. . ."

"အစ်မကြီးက ဘာပြောသေးသလဲ"

"သူကိုတစပြီး ဆေးတိုက်ကို ပို့နိုင်ရင်ပို့ဖို့ ပြောနေတာပါ"

"ဟုတ်တာပေါ့ အစ်ကိုကြီးရယ်. . . ကိုယ့်ယောက်ျားဟာ ကိုယ့်ရှေ့မှာ တခြားမိန်းကလေးတစ်ယောက်ကို ယုယုယယလုပ်နေတယ် ဆိုတာကို ဘယ်မှာကျေနပ်နိုင်ပါ့မလဲလေ. . ."

"ခက်တော့တာပဲကွာ. . . အနှင်းကလဲ ဒီစကားကို တော်ပါတော့လို့ ပြောနေမှပဲ"

နှင်းနုလေးသည် ပါးစပ်မှကား မည်သို့မျှမပြောတော့ချေ။ သို့သော်. . . လက်နှစ်ဘက်ဖြင့် ကျွန်ုပ်ကိုစမ်းကာ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်လိုက်ပြီးနောက် ကျွန်ုပ်၏မျက်နှာကို အားရပါးရ နမ်းလေတော့သည်။ ကျွန်ုပ်မှာ စကားမပြောနိုင်တော့. . . သူ၏သေးသွယ်သော ကိုယ်ကလေးကို ပြန်လည်ဖက်ထားကာ နမ်းရှုတ်မိပါတော့သည်။

အပြင်ဘက်၌ကား လရောင်သည် ထိန်ဝင်းကြည်လင်လျက် ရှိလေသည်။ လေနုကလည်း ဝေ့ဖြူးလျက် ရှိလေသည်။ ရပ်ကွက်တစ်ခုလုံးကား တိတ်ဆိတ်လျက် ရှိလေသည်။ ကြည်လင်သော လရောင်





www.foreverspace.com.mm

အောက်ဝယ် တစ်ယောက်ကိုတစ်ယောက် ဖက်၍ထားသော မျက်မမြင်မိန်းကလေးတစ်ဦးနှင့် သားမယားရှိသူ ကျောင်းဆရာယောက်ျားကြီးတစ်ဦးတို့၏သဏ္ဌာန်မှာ သေသေချာချာပြန်တွေးမိသည်တွင်မှ ရှက်ဖွယ်လိလိ ရှိသည်ဟုတွေးမိလေသည်။

လူတို့၏ချစ်ခြင်းသဘောကား အံ့ဩဖွယ်ရာကောင်းလှပါဘိတောင်း. . . အကြင်သို့သောသတ္တဝါနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် အတူယှဉ်တွဲ ပေါင်းဖက်နိုင်ရန်အကြောင်းမမြင်သော်လည်း တစ်ဦးကိုတစ်ဦး အမြဲမျှော်မှန်းတမ်းတကာ စိတ်သောကပူပန်ကြရ၏။ အကြင်သို့သောသတ္တဝါနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ချစ်နေကြခြင်းဖြင့် လောကီရေးအရသော်လည်းကောင်း လောကုတ္တရာရေးအရသော်လည်းကောင်း အပြစ်မကင်းကြောင်းကိုလည်း သိ၏။ မိမိအတွက်လည်း မကောင်း၊ သူတစ်ပါးအတွက်လည်းမကောင်းကြောင်းသိ၏။ သို့သော်. . . မချစ်ဘဲမနေနိုင်ကြ။

ပူပန်ခြင်းကင်း၍ သန့်ရှင်းစင်ကြယ်လှစွာသော မေတ္တာတရား (ဝါ) ဗုဒ္ဓမြတ်စွာဟောပြောသင်ကြားခဲ့သည့် မေတ္တာတရားကား ကျွန်ုပ်တို့လူသားများအတွက် ဟုတ်ပါလေစ။ ကျွန်ုပ်တို့လူသားများအဖို့ ထိုမေတ္တာကို နားမလည်နိုင်ခဲ့။ ကျွန်ုပ်ကိုယ်တိုင်ပင် စာပေလိုက်စားသူ ကျောင်းဆရာပညာတတ် တစ်ယောက်အနေဖြင့် ထိုမေတ္တာတရားကို သိသည်။ နားလည်ခဲ့သည်။ သဘောပေါက်သည်ဟု ထင်ခဲ့၏။ သူတစ်ပါးကိုလည်း လူတတ်ကြီးလုပ်ကာ ဟောပြသွန်သင်ခဲ့၏။

စင်စစ်အားဖြင့်ဆိုသော် ကျွန်ုပ်သည်ပင် မေတ္တာတရားစစ်စစ်ကို သိနားလည်သူ မဟုတ်ချေတကား. . . နှင်းနုလေးအပေါ်တွင် တွယ်တာစွဲလမ်းလျက်ရှိသော ကျွန်ုပ်၏ အချစ်သည်ပင် အညစ်အ

www.foreverspace.com.mm

ကြေးကင်းစင်ခြင်း မရှိ။ ပူပန်မှု ကင်းစင်ခြင်း မရှိ။ တရားမျှတခြင်း မရှိ။ အပြစ်ကင်းခြင်း မရှိပါပေ။

နှင်းနုအပေါ်တွင် ချစ်မိသော ကျွန်ုပ်၏ အချစ်ကား တကယ့် မေတ္တာစစ် အချစ်မဟုတ်။ ဒုစရိုက်မျှသာ ဖြစ်၏။ လော်လီခြင်းမျှသာဖြစ်၏။ သို့သော် ကျွန်ုပ်ကား ကျွန်ုပ်ကိုယ် ကျွန်ုပ် လှည့်စားခဲ့လေသည်။ နှင်းနုကလေးကို ဖွင့်ဟ၍ပြောခဲ့သည့်တိုင် ကျွန်ုပ်ကမူ ကျွန်ုပ်၏အချစ်ကို စင်ကြယ်သည်ဟု ထင်ခဲ့၏။ သန့်ရှင်းသော အချစ်၊ ကရုဏာချစ်ဟု ထင်ခဲ့၏။

ကျွန်ုပ်၏ကိုယ်ကို နှိပ်စကလျက်ရှိသော ယုတ်မာစိတ်အား ကျွန်ုပ်သည် ကျွန်ုပ်၏အသည်းနှလုံးတွင်းမှ ခွဲမထုတ်ရဲခဲ့ပေ။ အမှန်မှာ ကျွန်ုပ်သည် နှင်းနုကလေးအား သနားရုံသာ သနားသင့်၏။ ယခုကဲ့သို့ ချစ်ရန်ကား မသင့်ပါပေ။ သို့သော် အာသဝေါမကုန်နိုင်သေးသည့် ကျွန်ုပ်ကဲ့သို့သော ပုထုဇဉ်လူသားမှာကား . . . မပြုသင့်သောကိစ္စမှန်း သိလျက်နှင့်လည်း ပြုခဲ့၏။ ပြုမိ၏။ ထို့ကြောင့် ကျွန်ုပ်တို့မှာ စိတ်သောကတို့ဖြင့်သာ ရင်ဆိုင်ကြရသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပါပေ။

သို့နှင့်ပင် သုံးရက်ခန့်ကြာသောအခါ ကျွန်ုပ်သည် နှင်းနုကလေးကို ရန်ကုန်သို့ ခေါ်ခဲ့ရလေသည်။ ရန်ကုန်သို့ ရောက်သောအခါ စာပေးသူမိတ်ဆွေ၏အိမ်တွင် တည်းခိုနေရလေသည်။ ထို့နောက် မျက်စိကုဆရာဝန်ကြီးထံတွင် သွားကြသောအခါ ဆရာကြီးက နှင်းနုလေး၏မျက်လုံးကို စမ်းသပ်ကြည့်ရှုလေသည်။

ဆရာကြီးသည် မျက်စိကို အကြိမ်ကြိမ်စမ်းသပ်ပြီး နောက်ဆုံး၌ကား မျက်လုံးကို ခွဲစိပ်ကုသရမည်ဖြစ်ကြောင်း အနည်းဆုံး အရက်





နှစ်ဆယ်ခန့် ဆေးတိုက်တွင်နေရမည်ဖြစ်ကြောင်း စသည်တို့ကို ပြောပြလေသည်။ မျက်စိကို ခွဲစိပ်ကုသနေစဉ်အချိန်အတွင်း၌လည်း နှင်းနုကလေးအား စိတ်ညစ်ခြင်း၊ ငိုကြွေးခြင်း မပြုအောင် အထူးစောင့်ရှောက်ရမည်ဖြစ်ကြောင်းကိုလည်း ဆက်လက်၍ ပြောပြသတိပေးလေသည်။

ထို့ကြောင့် နှင်းနုသည် မျက်စိမခွဲမီတစ်နေ့က ကျွန်ုပ်အား သူ့မျက်စိခွဲပြီး အရက်နှစ်ဆယ်အတွင်း မလာဘဲနေရန် ကတိတောင်းလေသည်။ တတ်နိုင်ပါက မခင်တင့်တို့ထံသို့ ပြန်၍နေရန်ကိုပင် ပြောလေသည်။

ကျွန်ုပ်လည်း သူ့ပြောသည့်အတိုင်း ပြန်ခဲ့ရပါ၏။ ကျွန်ုပ်၏မိတ်ဆွေက နှင်းနုကလေး၏ အခြေအနေကို စာရေးအကြောင်းကြားပါမည်ဟု ပြောကာ ကျွန်ုပ်အား စိတ်သက်သာစေခဲ့လေသည်။ ပြောသည့်အတိုင်းပင် နှင်းနုလေး၏မျက်လုံးကို ခွဲပြီးနောက်တစ်နေ့တွင် "မျက်စိခွဲပြီးကြောင်း အောင်မြင်စွာဖြင့် ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း" သံကြိုးရိုက်လေသည်။

ကျွန်ုပ်သည် အိမ်တွင် နေနေစဉ်အတွင်း နှင်းနုကလေးကို သတိရနေမိလေသည်။ မျက်မမြင်ဘဝဖြင့် ချစ်ခဲ့သောအချစ်သည် မျက်စိမြင်သောအခါ၌လည်း တည်မြဲစွာ ချစ်နိုင်ပါမည်လော။ ကျွန်ုပ်ကို တွေ့သောအခါတွင်လည်း ယခင် မျက်မမြင်ဘဝကကဲ့သို့ ယုယပိုက်ထွေးနိုင်ပါမည်လော။ စသည်ဖြင့် တွေးတောကာ ပူပန်မိပြန်လေသည်။ အကယ်၍ နှင်းနုလေးသည် ကျွန်ုပ်၏မျက်နှာကို မြင်ရသောအခါ၌ ယခင်ကကဲ့သို့ မချစ်တော့ဟု ဆိုလာလျှင် မည်သို့ပြုလုပ်ရပါမည်နည်း။ ဘုရား ဘုရား ချစ်ခြင်းမြန်နိုင်ခြင်းကား ဆင်းရဲပူပန်ခြင်း

နှင့် ကင်းလွတ်၍ မရနိုင်ပါတကား။ ထို့ကြောင့် ဓမ္မပဒတရားတော်၌ "ချစ်ခြင်းမှ စိုးရိမ်ခြင်း ဖြစ်ပေါ်၏။ ချစ်ခြင်းမှ ကြောက်ခြင်းဖြစ်ပေါ်၏။ ချစ်ခြင်းမှ ကင်းလွတ်သောသူအား အဘယ်မှာလျှင် စိုးရိမ်ခြင်း ကြောက်ခြင်းသည် ရှိတော့အံ့နည်း" ဟု ဆိုခဲ့ပေသည်။ ကျွန်ုပ်ကား ဘယ်နံ့ရောအခါမှ ချစ်ခြင်းကင်းသောသူ၏ဘဝသို့ ရောက်နိုင်ပါအံ့နည်း။

ထိုအတွင်း ကျောင်းပြန်ဖွင့်လိုက်ခြင်းသည် ကျွန်ုပ်အား စိတ်သက်သာရာ ရစေ၏။ ကျောင်းဖွင့်စဖြစ်သဖြင့် အလုပ်မအားနိုင်အောင် ဖြစ်ရခြင်းသည် ကျွန်ုပ်အား သည်းမခံနိုင်သည့်ဝေဒနာမှ သက်သာစေခဲ့၏။ ထို့ကြောင့်လည်း ကျွန်ုပ်သည် အလုပ်ကို ခါတိုင်းထက်ပို၍ စိတ်ရောကိုယ်ပါ ကြိုးကြိုးစားစား လုပ်ခဲ့လေသည်။

ရန်ကုန်ရှိ မိတ်ဆွေထံမှလည်း တစ်ရက်ခြား တစ်စောင်လိုလို နှင်းနု၏အခြေအနေကို အကြောင်းကြားသည့်စာများ ရောက်၍လာလေသည်။ သူ့စာမှာ အားတက်ဝမ်းသာဖွယ်ရာများ ဖြစ်၏။ ကျောင်းပြန်ဖွင့်၍ ကျောင်းသားများနှင့် ပြန်လည်ဆုံတွေ့မိသောအခါ နှင်းနုကလေးအပေါ်တွင် တွယ်တာသောစိတ်များသည် တဖြည်းဖြည်း လျော့ပါးလာသည်ကို တွေ့ရလေသည်။

မခင်တင့်နှင့် ကလေးများ၏ ဆက်ဆံပုံမှာလည်း ယခင်ကနှင့် မတူတော့ဘဲ အသွင်တစ်မျိုးခြားကာ ပိုမို၍ ယုယကြင်နာနေပြန်ရာ တစ်ခါတစ်ရံတွင် ကျွန်ုပ်မှာ အံ့အားများပင် သင့်မိလေသည်။ နောက်ဆုံး၌ နှင်းနု၏မျက်လုံး ကောင်းမွန်လာပါက ရန်ကုန်ကမိတ်ဆွေပင် ကျွန်ုပ်ထံသို့ လိုက်ပို့ပါရန် စာရေးတောင်းပန်မိသည့်အခြေသို့ပင် ဆိုက်ခဲ့လေသည်။





နှင်းနုအပေါ်တွင် ချစ်မိသော ကျွန်ုပ်၏အချစ်သည် လျော့ပါးခဲ့သည်မှန်သော်လည်း နှင်းနုကလေးက ကျွန်ုပ်အား မချစ်ဘဲနေမည်ကိုကား စိုးရိမ်မိပါသည်။

ဤသို့လျှင် မတင်မကျနှင့် နစ်ဆိုဆို ဖြစ်နေဆဲမှာပင် နှင်းနုကလေးသည် ကျွန်ုပ်၏မိတ်ဆွေနှင့်အတူ ကျွန်ုပ်ရှိရာသို့ ရောက်လာလေသည်။ နှင်းနုကလေး၏မျက်လုံးကား ကောင်းမွန်ခဲ့လေပြီ. . . နှင်းနုကလေးကာ တစ်ဘဝကူးခဲ့ပြန်လေသည်။

"ဟဲ့. . . ကိုခင်ညို. . . ဟောဒီမှာ ခင်ဗျားသမီး. . . ကျုပ်တို့အိမ်သားတွေကလဲ သံယောဇဉ်တွယ်နေကြပြီ. . . ပြန်မပို့ပါနဲ့ဦးလို့တောင် ပြောနေတာ။ ဒါပေမဲ့ ခင်ဗျားသမီးကလဲ ပြန်ချင်တယ်ပြောခင်ဗျားလဲ စိတ်ပူနေရှာမှာပဲလို့ တွေးမိတာနဲ့ လာပို့တာဗျို့. . ."

နှင်းနုကလေးကား ကျွန်ုပ်၏မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေပြီးမှ မခင်တင့်နှင့် အတာ၊ မာမာ၊ အတူးတို့အား တစ်ယောက်ပြီးတစ်ယောက် ကြည့်နေလေသည်။ ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်သို့ ပြန်ခါနီးတွင် နှင်းနုသည် ကျေးဇူးတင်ကြောင်းပြောကာ ရှိခိုးကန်တော့လေသည်။ ထို့နောက် သူ့ကိုလည်း သူမျက်စိမမြင်ခင်က ပို့ထားသောကျွန်ုပ်၏ တပည့်မအိမ်သို့ ပို့ပေးပါရန် ပြောလေသည်။

ပထမသော် နှင်းနုသည် အဘယ်အတွက်ကြောင့် ဤစကားကို ဆိုလေသနည်းဟု တွေးမိလေသည်။ အကျိုးအကြောင်းမေးရန် မြင်လိုက်ပြီးမှ ဘေးတွင် မခင်တင့်နှင့် သမီးများရှိသည်ကို သတိရလာကာ မမေးဘဲ နေလိုက်ရလေသည်။ အတာနှင့် မာမာတို့က နှင်းနုနေလိုသည့်အိမ်နေရာသို့လိုက်ပို့ကြလေသည်။

နှင်းနုသည် အဘယ်သဘောဖြင့် ဤသို့ပြုလုပ်သနည်း။ ကျွန်ုပ်

ကား စဉ်းစား၍ မရနိုင်ပါပြီ။

ကဲလေ. . . နေချင်ရာ နေပါစေတော့. . . သူ့အတွက် ရှေ့ဆက်ပြီး လုပ်ရမှာတွေက ရှိပါသေးတယ်လေ. . .။

ကျွန်ုပ်သည် နှင်းနု၏ရှေ့ရေးကို တွေးရပြန်လေသည်။ နှင်းနုအဖို့ ဤအတိုင်းနေ၍ကား မဖြစ်နိုင်။ လူတစ်ယောက်၏ တာဝန်ဆိုသည်မှာ ခြေလက်အင်္ဂါ စုံစေ့ရုံမျှနှင့် ကုန်ဆုံးအောင် ဆောင်ရွက်နိုင်သည် မဟုတ်ပါတကား။

သို့နေနေကြသည့်အခိုက်တွင် အပါသည် မော်လမြိုင်မှ ပြန်လာခဲ့လေသည်။ နှင်းနုကလေး၏အကြောင်းကို ပြောပြသောအခါ သူ၏မျက်နှာသည် စိုရွှန်း၍လာကာ မျက်လုံးအရောင်များသည်လည်း တောက်ပပြောင်လက်၍ လာသည်ကို သတိထားမိလေသည်။ ထို့မှ ကျွန်ုပ်အား တစ်စုံတစ်ခု စကားပြောလိုဟန်ဖြင့် ကြည့်သော်လည်း ကျွန်ုပ်က မသိဟန်ပြုကာ မျက်နှာကို လွှဲ၍ထားရလေသည်။

ကျွန်ုပ်သည် အပါရန်ကုန်ကျောင်းသို့ မပြန်မီအချိန်အတွင်း၌ အပါနှင့် နှစ်ယောက်ချင်းမဆုံမိအောင် အထူးရှောင်ရှားခဲ့လေသည်။ နှင်းနုထံသို့ သွားရာ၌ပင် အပါရှိမည်ဟု ထင်ရသောအချိန် မသွားခဲ့ပါ။

အပ့ါအား နှင်းနုနှင့် ပတ်သက်သည့်စကားကို လုံးဝမပြောဘဲ ရှောင်တော့မည်ဟု စိတ်ပိုင်းဖြတ်ထားသူပီပီ ရန်ကုန်သို့ပြန်ရန်အတွက် အပါလာရောက်၍ ကန်တော့သည့်အချိန်တိုင်အောင် ကျွန်ုပ်သည် နှင်းနုအကြောင်းကို စကားမဟခဲ့ပေ။ ကောင်းကောင်းမွန်မွန် လိမ်လိမ်မာမာဖြင့် စာကို ကြိုးစား၍သင်ရန်အတွက်သာလျှင် ထပ်တလဲလဲပြောပြဆုံးမမိရာ အပ့ါမှာ အခြားအပိုစကားများကို တစ်ခွန်း





မျှ မပြောသာအောင် ဖြစ်ခဲ့လေသည်။

အပါ ရန်ကုန်သို့သွားပြီး ရက်အနည်းငယ်အတွင်းမှာပင် "နှင်းနု တစ်ယောက် ရေနစ်လို့" ဟုဆိုကာ ကျွန်ုပ်စာသင်နေရာကျောင်းသို့ လာရောက်ခေါ်ဝေါ်ကြလေသည်။

"ဟာ. . . နှင်းနု ရေနစ်လို့ဟုတ်လား. . ."

"ဟုတ်ကဲ့. . . မြစ်ဆိပ်ဘက်မှာ ရေနစ်နေတာ. . ဆရာ့တပည့်ကိုသိန်းအောင်က တွေ့လို့ ဆယ်ပြီး ဆရာ့တပည့်မ မလှမြင့်တို့အိမ်ကို ပို့ထားတယ်။ သူပဲ ရေတွေအန်အောင် လုပ်ပေးလို့ ရေတွေအန်ကုန်တာနဲ့ အခုတော့ အတော်သက်သာနေပါပြီ။ စောစောကမှ သတိရတယ်"

ကျွန်ုပ်ရောက်သွားသောအခါ ကျွန်ုပ်၏တပည့်၏ ပြုစုစောင့်ရှောက်ချက်ကြောင့် သတိရနေကာ ရေနစ်စဉ်က ဝတ်ထားသောအဝတ်စိုများကိုလည်း အဝတ်ခြောက်များနှင့် ပြောင်းလဲပေးထားရသဖြင့် ကျွန်ုပ်မှာ စိတ်ချမ်းသာရလေသည်။ များစွာသော သူတို့သည် ရေနစ်သူအား ရေအန်အောင် လုပ်ရန်အတွက်ကိုသာ သတိရကာ ရေအန်ပြီးနောက် အဝတ်ခြောက်လဲရမည်ကို သတိမေ့နေတတ်လေသည်။ ထို့ကြောင့် ရေနစ်သူသည် ရေနစ်၍ မသေသော်လည်း အဆုပ်ထဲသို့ ရေဝင်ခြင်း၊ အအေးမိခြင်းဖြင့် သေတတ်ကြလေသည်။

နှင်းနုသည် ကျွန်ုပ်ကို တစ်ချက်ကြည့်ကာ ငြိမ်၍နေလေသည်။ ကျွန်ုပ်သည် လူများစွာတို့ရှေ့မှာ နှင်းနုကလေး၏လက်ဝါးကို ယုယစွာ ပွတ်သပ်ဆုပ်ကိုင်ပေးမိလေသည်။ နှင်းနုကား မည်သို့မျှ စကားမပြောဘဲ ငြိမ်၍နေလေသည်။ ကျွန်ုပ်သည် သူ၏နဖူးပြင်ကို စမ်းသပ်ကြည့်ရာမှ မျက်လုံးကို သတိရလာကာ. . .

www.foreverspace.com.mm

“မျက်လုံးထဲက ဘာဖြစ်သေးသလဲ” ဟု မေးမိလေသည်။

“ဘာမှ မဖြစ်ပါဘူး. . . မျက်လုံးကောင်းပါသေးတယ်. . .”

ကျွန်ုပ်သည် ခေါင်းကိုသာ တဆတ်ဆတ်ညိတ်မိလေသည်။

“ကမ်းနားဘက်ကို ဘာသွားလုပ်တာလဲ. . . အနှင်း. . .”

ကျွန်ုပ်သည် နှင်းနု မျက်စိမမြင်စဉ်အခါကပင် နှင်းနုလေး စိတ်ညစ်ညစ်နှင့် ရေထဲသို့ ခုန်ဆင်းမည်ကို စိုးရိမ်သောကြောင့် ဤမြို့၌ မြစ်ရှိကြောင်းကို ပြောမပြခဲ့. . . ညနေဘက် လမ်းလျှောက်ထွက်လျှင်လည်း မြစ်ဘက်သို့ မထွက်ဘဲ နေခဲ့၏။ ယခု မျက်စိကောင်းကာမှ မြစ်ရှိသည်ကို နှင်းနု သိရခြင်း ဖြစ်လေသည်။

“အနှင်း ပျင်းပျင်းနဲ့ လျှောက်သွားရာက ရေချိုးချင်စိတ်ပေါ်လာတာနဲ့ ရေဆင်းကူးကြည့်တာပါ. . .”

“ဖြစ်မှဖြစ်ရလေ အနှင်းရယ်. . . ရေမကူးတတ်ဘဲနဲ့များ ရေထဲဆင်းရတယ်လို့. . .”

နှင်းနုကား. . . ဘာမျှ ပြန်၍မပြောတော့ပေ။

ကျွန်ုပ်သည် ထိုနေ့မှစ၍ နှင်းနုလေးထံသို့ နေ့စဉ်နေ့တိုင်း သွားရပြန်လေသည်။ ကျန်းမာလာသည်အထိ နေ့စဉ်သွားရောက်ကာ စောင့်ရှောက်ရပြန်လေသည်။ ဆေးရာဝန်ကိုလည်း ကိုယ်တိုင်ပင် ခေါ်ပေးလေသည်။ အံ့ဩဖွယ်ရာကောင်းသည့်အချက်ကား. . . နှင်းနုသည် မျက်စိကောင်းလာသည့်အချိန်မှစ၍ ကျွန်ုပ်အား ယခင်ကကဲ့သို့ တွတ်တီးတွတ်တာ မပြောတော့ခြင်းပင်တည်း။ နှင်းနုကား တစ်နေ့ထက်တစ်နေ့ ကျန်းမာ၍ လာသဖြင့်. . . ကျွန်ုပ်မှာ လွန်စွာစိတ်အေးရပြန်လေသည်။

သို့နေခဲ့ရာမှ တစ်နေ့တွင် အပ်ျထံမှ စာတစ်စောင် ရောက်လာလေသည်။ ထိုစာကား ကျွန်ုပ်အား တုန်လှုပ်ချောက်ချားစေသည့်စာပင်ဖြစ်တော့သည်။

ချစ်လှစွာသော ဖေဖေခင်ဗျား. . .

သားမောင်သည် ဖေဖေအား လွန်စွာချစ်ခင်ပါသည်။ လေးစားလည်း လေးစားပါသည်။ သို့ဖြစ်၍ နှင်းနုလေးအပေါ်တွင် ချစ်ခြင်းကရုဏာကြီးမားစွာဖြင့် ချစ်ခဲ့ရသည့်တိုင် ဖေဖေ၏ပြောစကားကို နားထောင်ကာ ဖယ်ရှောင်ခဲ့ပါသည်။ မန္တလေးသို့ သွားပါက စိတ်ချမ်းသာရာရလိမ့်မည်။ နှင်းနုအပေါ်တွင် ချစ်မိသောအချစ်စိတ်တို့သည်လည်း လျော့ပါးသွားကြလိမ့်မည်ဟု ထင်မိခဲ့သဖြင့် ဝေးရာသို့ ရှောင်ခွာခဲ့ပါသည်။ မန္တလေးသို့ သွားခဲ့ခြင်း၊ မော်လမြိုင်သို့ သွားခဲ့ခြင်းတို့မှာ ဤအတွက်ကြောင့်ပင် ဖြစ်ပါသည်။

နှင်းနုကိုယ်တိုင်ကလည်း ကျွန်တော့်အား မချစ်ပါ။ နောက်ဆုံး မျက်စိကောင်းလာသည့်အချိန်၌ ကျွန်တော်က တောင်းပန်သည်ကို မချစ်နိုင်ကြောင်းဖြင့် ငြင်းဆိုပါသည်။ ဤတွင် ကျွန်တော်က သူ ဘာကြောင့်မချစ်နိုင်ရသနည်းဟု ထပ်ခါတလဲလဲ မေးသောအခါ သူ ဖြေလိုက်သောအဖြေမှာ ကျွန်တော့်အား ပြေးစရာမြေမရှိအောင် ဖြစ်ခဲ့ရပါသည်။ နှင်းနုက ဖေဖေမှတစ်ပါး အခြား မည်သူ့ကိုမျှ မချစ်နိုင်ဟု ဆိုပါသည်။ ဖေဖေ့ကို ချစ်ပါသည်ဟု ဆိုပါသည်။

ကျွန်တော့်အဖို့ ဖေဖေနှင့်တွေ့ဆုံရန် ဖြစ်နိုင်တော့မည် မထင်ပါ။ ကျောင်းတွင်လည်း စာသင်၍ စိတ်မဝင်စားတော့ပါ။ ကျွန်တော့်အဖို့ အကောင်းဆုံးနည်းလမ်းမှာ ဖေဖေနှင့် ကင်းဝေးရာ အခြားတစ်ရပ်တစ်ရွာသို့ ထွက်ခွာသွားခြင်းသာလျှင် ကောင်းမွန်သည်ဟု ယူဆမိပါသောကြောင့် ယခု ကျွန်တော်၏စာကို ဖေဖေဖတ်နေသောအချိန်

www.foreverspace.com.mm

တွင် ကျွန်တော်သည် ရန်ကုန်ကောလိပ်၌ မရှိတော့ပါ။ ဖေဖေ့ထံသို့လည်း ပြန်လာတော့မည်မဟုတ်ပါ။

ဖေဖေ စိတ်ချမ်းသာပါစေ

သား အပါ

ကျွန်ုပ်သည် ခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ မျက်လုံးများပင် ပြာခဲ့ရ၏။ ခဏကပြီး . . . ဤကိစ္စမှာ မခင်တင့်ကိုလည်း အသိပေးရန် ခက်ချေပြီ။ မခင်တင့်သည် အပါ၏စာကို မြင်ရပါက အကြီးအကျယ် ပရိဒေဝမီးတောက်လောင်ကာ ဒေါသူပုန်ထရှာလေတော့မည်။

"ကျွန်မ အစက မပြောဘူလား . . ." ဟူသော စကားကို ထပ်တလဲလဲသုံးကာ ကျွန်ုပ်အား ဦးနှောက်ပျက်မတတ် နှိပ်စက်လေတော့မည်။ ကျွန်ုပ်သည် စိတ်နှလုံး ချောက်ချားစွာဖြင့်ပင် နှင်းနုကလေး ရှိရာသို့ လာခဲ့မိလေသည်။

"ဟင် . . . အစ်ကိုကြီး ဘာဖြစ်လို့လဲ . . . မျက်နှာလဲ မကောင်းပါလား . . ."

"အနှင်း . . . အပါ မရှိတော့ဘူး . . . အပါ မရှိတော့ဘူး . . ."

"ဘာမရှိတာလဲ အစ်ကိုကြီး . . . ဘယ်မှာ မရှိတာလဲ . . ."

"ရန်ကုန်မှာ မရှိတော့ဘူးပြောတာ . . . ကျောင်းမနေတော့ဘူး ပြောတာပါ . . ."

"ကျောင်းမနေတော့ ဘယ်များသွားလို့လဲ အစ်ကိုကြီးရဲ့ . . ."

"တခြားတစ်ရွာကို ထွက်သွားသတဲ့ . . . ဘယ်ကိုထွက်သွားမယ် ရယ်လို့တော့ ရေးမထားဘူး . . . အတိအကျမရေးဘူး . . . ခက်တော့ တာပဲ အနှင်းရယ် . . . ခက်တော့တာပဲ . . ."





www.foreverspace.com.mm

ကျွန်ုပ်သည် ယောကျ်ားကြီးတစ်ယောက်ဖြစ်ပါလျက်နှင့် ကလေးငယ်တစ်ယောက်ပမာ နှင်းနု၏ပခုံးကို ကိုင်ကာ ရှိုက်ကြီးတငင် ငိုချမိလေသည်။

"သူ့အမေသိရင် အသည်းကွဲတော့မယ် . . . အဖြစ်မှန်ကိုသိရင် သာပြီး ဆိုးတော့မယ် . အနှင်း . . . မင်းက အပ့ါကို ဘာတွေပြော လိုက်သလဲ ကလေးရယ် . . ."

"အနှင်း မချစ်နိုင်ဘူးလို့ ပြောလိုက်တယ် . . . အစ်ကိုကြီးက လွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးလို့ ပြောလိုက်တယ် . . . ဒါကြောင့် သူတခြားကို ထွက်သွားတာလား အစ်ကိုကြီး . . ."

"ဟုတ်တယ် . . . ဟုတ်တယ် . . ."

"အနှင်း ထင်သားပဲ အစ်ကိုကြီး . . . ဒါကြောင့်လေ အနှင်း ငြင်းသာငြင်းရပေမယ့် စိတ်မကောင်းပါဘူး။ ခက်တယ် အစ်ကိုကြီး ရယ် . . . ကိုပါဟာ အနှင်းကို ချစ်မေတ္တာတွေ အများကြီးပေးပါတယ်။ ဝေပါတယ် . . . ချစ်ပါတယ် . . . ဒါပေမဲ့ အနှင်း ခံယူချင်တာက သူ့ အချစ်မဟုတ်ဘူး။ အစ်ကိုကြီးရဲ့အချစ်ကျပြန်တော့လဲ အနှင်းနဲ့ မထိုက်တန်ဘူး . . . အနှင်းရဲ့ဘဝဟာ အစ်ကိုကြီးရဲ့ အချစ်နဲ့ မတန် ဘူး။ ဒါပေမဲ့ အနှင်းကတော့ အစ်ကိုကြီးကိုပဲ ချစ်တယ် . . . ဒါ ကြောင့်လဲ သူ့ကို ပြောခဲ့မိတယ် . . ."

ကျွန်ုပ်မှာ မောဟိုက်၍လာလေသည်။

"အမှန်က အစ်ကိုကြီးကလဲ အနှင်းကို မချစ်သင့်ဘူး။ အနှင်းက လဲ အစ်ကိုကြီးကို မချစ်သင့်ဘူး။ အနှင်းအစ်မကြီး မခင်တင့်ကို သနားပါတယ် . . . အတာတို့ကိုလဲ သနားပါတယ် . . . ဒါပေမဲ့ သနားစိတ်ဟာ ချစ်စိတ်ကို နိုင်အောင် မနှိမ်နိုင်ဘူး။ ဒါကြောင့်

www.foreverspace.com.mm

အနှင်းဟာ ဘယ်လိုပဲ အစ်မကြီးတို့ကို သနားပေမယ့် အစ်ကိုကြီးကိုလဲ မချစ်ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဒါပါပဲ အစ်ကိုကြီးရယ်. . . ဒါပါပဲ. . ."

နှင်းနုသည် ဘာမျှမပြောတော့ဘဲ ငြိမ်သက်၍နေလေသည်။ ကျွန်ုပ်သည်လည်း မည်သို့မျှ ဆက်၍ စကားမပြောနိုင်သဖြင့် တိတ်ဆိတ်စွာပင် နေခဲ့ရလေသည်။

ထိုနေ့ည၌ ကျွန်ုပ်သည် တစ်ညလုံး အိပ်မပျော်ခဲ့ချေ။ မိုးလင်းလာသည့်အခါတွင်မှ မှေးကနဲ အိပ်ပျော်သွားရာက အိပ်ရာမှနိုးလာသောအခါ ကျွန်ုပ်သည် အပြင်းဖျားလေတော့သည်။

ကျွန်ုပ်နေသောအိမ်နှင့် နှင်းနုလေးနေသောအိမ်မှာ အတော်ပင် အလှမ်းကွာဝေးလှပေရာ ကျွန်ုပ်နေမကောင်းနေသည်ကို အကြောင်းကြားမည့်သူ မရှိဘဲ သိနိုင်မည်မဟုတ်ချေ။ ကျွန်ုပ်သည် နှင်းနုထံသို့ အကြောင်းကြားရန် စေလွှတ်မည်ဟု ကြံမိသော်လည်း မခင်တင့် စေတနာကွက်သွားမည်ကို စိုးရိမ်ကာ မပြောဘဲနေခဲ့ရလေသည်။

ကျွန်ုပ်သည် စိတ်ရောလူပါ ပင်ပန်းလှသဖြင့် သုံးရက်ကျော်လေးရက်မျှ အပြင်းအထန်ဖျားလေသည်။ ကိုယ့်ကိုယ်ကို ကျန်းမာအောင် ဂရုစိုက်သဖြင့် ခုနစ်ရက်ခန့်ကြာသောအခါ၌ကား အဖျားလုံးဝမရှိတော့သဖြင့် ရေချိုးကာ နှင်းနုလေးရှိရာသို့ အညောင်းပြေ လမ်းလျှောက်ထွက်ခဲ့လေသည်။

အိမ်သို့ရောက်သောအခါ နှင်းနုကို မတွေ့ရဘဲ ဈေးမှပြန်ရောက်နေသော မလှမြင့်ကိုသာ တွေ့ရလေသည်။

"ဟော့. . . မလှမြင့် ဈေးမသွားဘူးလား"





www.foreverspace.com.mm

"ကျွန်မ ဈေးကပြန်လာခဲ့ပြီ ဆရာ. . . လာပါဦး. . . ထိုင်ပါ။ ဆရာလည်း ကျွန်မတို့ဆီ မလာတာ လေးငါးခြောက်ရက်တောင် ရှိနေပါရောလား"

"ဟုတ်တယ်ကွာ. . . ကောင်းကောင်းနေမကောင်းတာနဲ့ပဲ. . . ဒါထက် အနှင်းရော. . ."

ကျွန်ုပ်သည် ဟန်လုပ်၍ မနေနိုင်တော့ဘဲ ပြောင်ပြောင်ပင် မေးလိုက်မိလေသည်။

"အနှင်းလား ဆရာ. . . ခဏနေပါဦး. . ."

မလှမြင့်သည် ပြောပြောဆိုဆိုပင် အခန်းတွင်းသို့ ဝင်သွားပြီးနောက် စာတစ်စောင်ကို ကျွန်ုပ်အား ပေးပါတော့သည်။ ကျွန်ုပ်သည် စာကို တွေ့ရသောအခါ ရင်ထဲတွင် ဒိတ်ကနဲဖြစ်သွားမိလေသည်။

"ဘာစာတုန်း. . ."

"အနှင်း ပေးထားတာပါ. . ."

"ဘာ. . . အနှင်း ပေးတာ. . . အနှင်းက စာရေးတတ်သလား"

"ဆရာ ဖတ်ကြည့်ပါဦး ဆရာ. . . နောက်တော့မှ ကျွန်မပြောပါ့မယ်. . ."

ကျွန်ုပ်သည် တုန်ရီစွာပင် စာရွက်ခေါက်ကိုဖြန့်၍ ဖတ်မိလေ၏။

"ရိုသေစွာ စာရေးကန်တော့ခဲ့ပါသည် အစ်ကိုကြီးရှင့်။ အနှင်းသည် ဆရာ့အား ပါးစပ်ဖြင့် ပြောပြမည် စိတ်ကူးခဲ့ပါသော်လည်း ဆရာက မလာတော့သဖြင့် မမြင့်အား စာအရေးခိုင်းကာ စာဖြင့်သာ ပြောခဲ့ပါသည်။

ဟိုတစ်နေ့က အစ်ကိုကြီး ပြန်သွားပြီးနောက် အနှင်း တစ်ညလုံး စဉ်းစားပါသည်။ အစ်ကိုကြီး အနှင်း ကိုပါ အစ်မကြီးမခင်တင့်တို့၏

ကိစ္စများကို အနှင်းသည် နောက်တစ်နေ့ တစ်နေ့လုံး စဉ်းစားပါသည်။

အနှင်း မျက်စိရောဂါကုခဲ့စဉ်က ဆရာကြီး၏ညွှန်ကြားချက်မှာ စိတ်သောကမများရ၊ သိပ်မစဉ်းစားရ၊ မငိုရ၊ စသည့်အာရုံကြောကို ထိခိုက်စေမည့်ကိစ္စများပင် ဖြစ်ပါသည်။ အနှင်းသည် ထိုကိစ္စများ မပေါ်ပေါက်အောင် အကြိမ်ကြိမ်ကြိုးစား၍ ဖြေဖျောက်ခဲ့ပါသည်။ သို့သော် မဖြေနိုင်ခဲ့ပါ။

ကိုပါက အနှင်းကို ချစ်ပါသည်။ အနှင်းက အစ်ကိုကြီးကို ချစ်ပါသည်။ သို့သော် အစ်ကိုကြီးမှာ သားမယားရှိသူ ဖြစ်ပါသည်။ ထို့ကြောင့် အစ်ကိုကြီးနှင့် အနှင်းတို့၏ချစ်ခြင်းသည် ကောင်းသောချစ်ခြင်း မဟုတ်ပါ။ မကောင်းသောချစ်ခြင်းဖြစ်သောကြောင့်လည်း အစ်ကိုကြီးမှာ စိတ်ညစ်ရပါ၏။ အနှင်းမှာ စိတ်ညစ်ရပါ၏။ အစ်မကြီး မခင်တင့်မှာလည်း စိတ်ညစ်ရပါ၏။ ကိုပါတွင်လည်း စိတ်ညစ်ရပါ၏

"အနှင်း ဤမြို့ဤရွာတွင် နေနေသမျှ အစ်ကိုကြီးတို့မိသားစုမှာ စိတ်သောကနှင့်သာ ရင်ဆိုင်ကြရပါလိမ့်မယ်။ ယခုပင် ကိုပါသည် သူ၏ပညာရေး တိုးတက်ကြီးပွားရေးတို့ကို စွန့်ပစ်ကာ အဝေးသို့ ပြေးပါလေပြီ. . . အနှင်းမှာလည်း အစ်ကိုကြီးတို့နှင့် တွေ့ဆုံကာ ဤမြို့၌ နေနေရသမျှ စိတ်ညစ်ခြင်း၊ သောကများခြင်း၊ ငိုခြင်းတို့ကို ရှောင်ကွင်း၍ ရနိုင်မည် မဟုတ်ပါ. . .။

ထို့ကြောင့်. . . အနှင်းသည် ကိုပါ ရန်ကုန်သို့ သွားပြီးသည့်နောက် ရက်အနည်းငယ်အတွင်းက ရေနစ်သည်ဆိုခြင်းမှာ စင်စစ် မတော်တဆ ရေကူးရင်း ရေနစ်ခြင်း မဟုတ်ပါ. . . တမင်တကာ ကိုယ့်ကိုယ်ကို ရေနှစ်၍ သတ်သေခြင်း ဖြစ်ပါသည်။ သို့သော် အကု





သိုလ် မကုန်သေးသဖြင့် ဆက်လက် အသက်ရှင်နေရပါသည်။

တစ်ခါက အစ်ကိုကြီး ပြောခဲ့ဖူးသည်မှာ မျက်စိအကြည်ဓာတ်က ရုပ်ဝတ္ထုများကို မြင်သောကြောင့် စွဲလမ်းတွယ်တာခြင်း၊ လိုချင်ခြင်း၊ တပ်မက်ခြင်း စသည်တို့ ဖြစ်ပေါ်လာသည်ဟု ပြောခဲ့ပါသည်။ သို့ဆိုပါက မျက်စိမရှိပါက ဤသို့သောဒုက္ခများ ကင်းနိုင်ခဲ့မည်ဟု ထင်ကောင်းစရာ ရှိခဲ့ပါသည်။ သို့သော် အနှင်း၏ကိုယ်တွေ့အရ ပြောရပါလျှင် တွယ်တာစွဲလမ်းခြင်း၏ အကြောင်းခံတရားတို့သည် လောက၌ မြောက်မြားစွာ ရှိပါသည်။ မျက်စိမမြင်စေကာမူ အသံကြားရသောနား၊ အနံ့ရသောနှာခေါင်း၊ အရသာကို သိသောလျှာ၊ အတွေ့အထိကို သာယာနိုင်သော ကိုယ်ခန္ဓာ စသည်တို့ ရှိပါသေးသည်။ ထိုထိုသော ခန္ဓာအစုတို့သည်လည်း သက်ဆိုင်ရာ အာရုံတရားတို့ ဖြစ်ပွားစေနိုင်သည့် အကြောင်းရင်းများ ဖြစ်ပါသည်။

ယခု အနှင်းမှာ အစ်ကိုကြီး၏ကျေးဇူးကြောင့် မျက်စိမြင်ခဲ့ရပါပြီ။ မျက်စိမမြင်သည့်ဘဝဖြင့်ပင်လျှင် စွဲလန်းတွယ်တာစိတ် ပြင်းထန်ခဲ့ပါလျှင် မျက်စိမြင်သောဘဝ၌ကား သာ၍ပင် ဆိုးဆိုးရွားရွား ကြုံရပါလိမ့်မည်။ ထို့ပြင် အနှင်း၏တာဝန်သည် အစ်ကိုကြီးအပေါ်၌ တစ်နေ့တခြား တိုးတက်လာဖွယ်ရာသာ ရှိတော့သဖြင့် အနှင်းသည် ဤမြို့မှ ထွက်ခွာသွားပါပြီ. . . ထို့ကြောင့်. . ."

ကျွန်ုပ်သည် စာကို ရှေ့သို့ ဆက်၍မဖတ်နိုင်တော့ပါ။ တပည့်မ မလှမြင့်ကိုသာ. . .

"ဟဲ့. . . မလှမြင့်. . . အနှင်း ဘယ်ကိုသွားတာတဲ့လဲ. . ."

"မသိဘူးဆရာ. . . သူ့အပြောကတော့ စစ်ကိုင်းဘက်လို့ ပြောတာပဲ. . ."

www.foreverspike.com.mm

"သူမှာ လမ်းစရိတ် ဘယ်ကရသလဲ . . ."

"သူ့ကို . . . ရန်ကုန်က ဆရာ့သူငယ်ချင်းအိမ်သားများက သနားလို့ဆိုပြီး ငွေနည်းနည်းပါးပါး ပေးလိုက်သတဲ့ . . . နောက်ပြီး ကျွန်မတို့ကလဲ သနားတာနဲ့ နည်းနည်းပါးပါး ပေးလိုက်ပါသေးတယ် . . ."

"ဒါနဲ့များ နင် ဘာဖြစ်လို့ ငါ့ဆီကို လာမပြောတာလဲ . . ."

"ကျွန်မက ဆရာ ညနေဘက်ကျရင် လာနေကျပဲဆိုပြီး မပေးဘဲ နေတာပါ"

ကျွန်ုပ်ကား မည်သို့မျှ ဆက်လက်၍ မမေးသာတော့ပေ . . . ကျွန်ုပ်၏တွက်ကိန်းများကား လွဲမှားခဲ့လေပြီ။ ကျွန်ုပ်သည် နှင်းနုလေးအား ကျောင်းဆရာမကြီးတစ်ဦးဦးထံတွင် အပ်နှံကာ ပညာသင်ကြားစေမည်ဟု ကြံရွယ်ခဲ့သမျှသည်လည်းကောင်း သားကြီးအပါအား ကောလိပ်ကျောင်းထွက် ဘွဲ့ထူးဂုဏ်ထူးဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတစ်ယောက်အဖြစ်သို့ ရောက်အောင်ပြုစုပျိုးထောင်ခဲ့သမျှသည်လည်းကောင်း သဲပုံအတွင်းသို့ သွန်ချလိုက်သောရေစက်များပမာ အရာမထင် ဖြစ်ခဲ့ရလေပြီ။

လူ့ဘဝဆိုသည်မှာ တစ်စုံတစ်ယောက်သောသူ၏ဘဝကိုလည်းကောင်း မိမိ၏ဘဝကိုလည်းကောင်း မိမိမျှော်မှန်းပုံသွင်းခဲ့သည့်အတိုင်း အခါခပ်သိမ်း ဖြစ်ကြသည် မဟုတ်ပါတကား။

မည်သို့ပင် စေတနာသဒ္ဓါကရုဏာတရား ပြည့်ဝစွာဖြင့် ပြုစုစောင့်ရှောက်ဖန်တီးစေကာမူ သူ၏ဘဝက ရေကြောဝယ် . . . မျောချင်ရာသို့ မျောပါသွားသည့်အခါ၌ကား အဘယ်သို့သောသူမှ ဆယ်ယူကယ်တင်ခြင်းငှာ မစွမ်းနိုင်တော့ပါတကား။





ယခုကဲ့သို့ အပါရော နှင်းနုပါ တခြားတစ်ရွာသို့ ထွက်ခွာသွားကြပြီဖြစ်ကြောင်းကို မခင်တင့်သိပါက မည်သို့နေရှာလိမ့်မည်နည်းဟု တွေးမိသောအခါ ရင်ထဲတွင် ဆို့ကြပ်၍ လာပြန်လေသည်။

ဤသို့လျှင် စိတ်ရှုပ်စရာကိစ္စများကို စဉ်းစားပြီး လောက၏သဘာဝကို သုံးသပ်ကာ သံဝေဂတရား ပွားများရင်က မိမိစိတ်ကို သက်သာရာ ရစေသည့်အတွေးတစ်ခုသည် ကျွန်ုပ်၏ ဦးနှောက်တွင်းသို့ ဝင်လာလေသည်။ ထိုအတွေးကား . . . နှင်းနုနှင့် အပါတို့သည် တစ်နေရာရာ၌ ဆုံတွေ့နေကြမည်လောဟူသော အတွေးပင်ဖြစ်ပါသည်။

ကျဉ်းမြောင်းလှသော ဤကမ္ဘာလောကအတွင်းဝယ် နှင်းနုနှင့် အပါတို့ မတွေ့ဆုံနိုင်ပါဟု ကံကြမ္မာမှတစ်ပါး အဘယ်သူသည် ရဲရဲဝံ့ဝံ့ ပြောနိုင်ပါအံ့နည်း . . .။

သန်းဆွေ